# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (17-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## မြန်မာအမျိုးသားလေကြောင်းကို ၇၅ နှစ် စိန်ရတုတိုင် ရှင်သန်ရပ်တည်နိုင်ရေး ခေတ်အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ပေးကြသူများ၊ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(Myanmar National Airlines - MNA)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း(Myanmar National Airlines - MNA)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Melia Hotel၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

Customs Duty
MMM Service

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၃
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# သန်းခေါင်စာရင်းကောက်ယူရေး လက်တွဲညီညီကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း စသည့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအဖြစ်အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းများမှသာရရှိနိုင်သောကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် အလွန်အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းအခြေအနေများကို လေ့လာကြည့်ပါက လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်၊ ၁၉၄၁ ခုနှစ်တို့တွင် ရှစ်ကြိမ်ကောက်ယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ၁၉၅၃-၅၄ ခုနှစ်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ပြန်လည်ကောက်ယူနိုင်ခဲ့သည်။ ထို့ပြင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်တွင်အောင်မြင်စွာကောက်ယူနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်များ အသုံးပြုမှုတွင် များစွာပံ့ပိုးပေးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နောက်ဆုံးကောက်ယူခဲ့သည့် ၂၀၁၄ သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း နောက်တစ်ကြိမ် ကောက်ယူမည်ဖြစ်သည်။ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်လှသော ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရန်နှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် စမ်းသပ်သန်းခေါင်စာရင်းကို လာမည့်အောက်တိုဘာလအတွင်း မြို့နယ် ၂၀ ၌ စာရင်းကောက်ကွက် ၁၀၀ တွင် ပဏာမဆောင်ရွက်သွားမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိလာသည့်အချက်အလက်များသည် နိုင်ငံတော်တွင် အစိုးရဌာနဆိုင်ရာများ၊ ပြည်သူများအားလုံးနှင့်တိုက်ရိုက်သက်ဆိုင်ပါသည်။ နိုင်ငံအတွင်းနေထိုင်သူလူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက်၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ သဘာဝဘေးကျရောက်ပါက ကယ်ဆယ်ရေးစသည့် အခြားသော ဘက်စုံ၊ ကဏ္ဍစုံအတွက် လိုအပ်သည့်အချက်အလက်များကို သန်းခေါင်စာရင်းကသာလျှင် အနီးစပ်ဆုံး၊ အတိကျဆုံး၊ အပြည့်စုံဆုံးရရှိစေနိုင်သောကြောင့် နိုင်ငံတော်အတွက် မရှိမဖြစ် များစွာအသုံးဝင်အရေးကြီးလှပေသည်။

ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသာမက ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပြည်သူများဘက်က စာရင်းကောက်များ မေးမြန်းမှုကို တိတိကျကျမှန်မှန်ကန်ကန်ဖြေကြားပေးရုံမျှဖြင့် အဓိကကျသောပူးပေါင်းပါဝင်ကူညီမှုကို ဖြစ်စေပါသည်။ တိကျမှန်ကန်သော သန်းခေါင်စာရင်းရလဒ်သည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ဆုံးဖြတ်ရာတွင် အောင်မြင်ချောမွေ့စေရေး များစွာအထောက်အကူပြုသည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို နိုင်ငံတော်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ လက်တွဲညီညီအောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၂၉၆၃၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အနားယူအပန်းဖြေကြပြီးတော့ ဘုရားဖူးကြတာကို တွေ့ရပါတယ်။ ရှခင်းကောင်းတဲ့နေရာတွေမှာလဲ အမှတ်တရ အလှဓာတ်ပုံရိုက်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူတော်အတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်” ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၀၆၈ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၂၇၄၄၆ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၁၂၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း)အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၆၀၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး ဈေးကွက်တွင် ပဲပုပ် (ရှမ်း) အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၆၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲပုပ် (ရှမ်း) များကို တရုတ်နိုင်ငံဘက်ကဝယ်ယူမှုများရှိလာကြောင်း၊ ပြည်တွင်း၌လည်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ် ကောင်းသောကြောင့် မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) ဈေးကောင်း ရရှိနေကြောင်း သိရသည်။

“အခုလက်ရှိအချိန်မှာ ပဲပုပ်(ရှမ်း)တွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းပြန်ရလာပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်အတွင်းက ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၁၅ ရက်ပေါက်ဈေးအရ ပဲပုပ် (ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၆၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

“ပဲပုပ်(ရှမ်း) ကုန်စည်ကတော့ မန္တလေးဈေးကွက်အတွင်းကော၊ ပြည်တွင်း အခြားမြို့တွေကကော၊ ပြည်ပကပါ အဝယ်တော်တော်လေး လိုက်လာတာကြောင့် ဈေးကောင်းနေပါတယ်။ နောက်ပိုင်းမှာလဲ ပဲပုပ်(ရှမ်း) ဈေးကောင်းပိုရဖို့ရှိနေပါတယ်”ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာတွင် ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၆**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာတွင် ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ စိန်ပန်းကုန်းကျေးရွာရှိ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းများကို ခရီးသွားများ စိတ်ဝင်စားမှုများရှိကြောင်း၊ ၎င်းကျေးရွာမှ ရေဝတီမြစ်အတွင်း စက်လှေစီး၍ ရေဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့် ခရီးသွားများလည်း များပြားလာကြောင်း သိရသည်။

“ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ရေဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အဆိုပါ ကျေးရွာများထဲတွင် စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ စက်တင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၇၀ ကျော်သာရှိခဲ့သော်လည်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စီးပွားရေးလုပ်ငန်းအတွက် လျင်မြန်မှု

မျိုးသူ(ကုန်သွယ်မြှင့်)

မည်သည့်စီးပွားရေးလုပ်ငန်းကဏ္ဍနယ်ပယ်တွင်မဆို အလုပ်ကို လျင်မြန်စွာလုပ်ကိုင်နိုင်သည့်နည်းလမ်းများရှိကြသည်။ ဖြန့်တီးမှုကိုလျှော့ချသည့် မဟာဗျူဟာ၊ နည်းဗျူဟာများကို ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုလျင်မြန်ခြင်းကို ရရှိစေနိုင်သည်။ လုပ်ငန်းကို လျင်မြန်စွာနှင့် အောင်မြင်စွာဆောင်ရွက်နိုင်ပါက ရေရှည်တွင် ဝင်ငွေကိုတိုးတက်လာစေကြောင်း တွေ့နိုင်သည်။ လျင်မြန်မှုမရှိလျှင် ယှဉ်ပြိုင်နိုင်ရန်ခက်ခဲမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုအတွက် ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်တစ်ခုကို အောင်မြင်မှုရရှိစေရန်မှာ လျင်မြန်မှုသည် များစွာအရေးပါသည်။ သဘော်ဖြင့် အွန်လိုင်းမှ ကုန်ပစ္စည်းဝယ်ယူသည့်ကိစ္စမှစပြီး ပီဇာမုန့်ကို ဆိုင်မှ Delivery ဖြင့် မှာယူသည့်ကိစ္စထိ လျင်မြန်မှုသည် အရေးပါသောကိစ္စတစ်ခုဖြစ်သည်။ ကုန်ပစ္စည်းရောင်းဝယ်ရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်ဖြစ်စေ လျင်မြန်မှုကို စားသုံးသူတိုင်းက လိုလားကြသည်။ အလွန်ကြာမြင့်သော၊ စောင့်ဆိုင်းရသော၊ အဆင့်ဆင့်များပြားသောကိစ္စများကို ဝယ်ယူသူများ၊ စားသုံးသူများသည် ကြိုက်နှစ်သက်ခြင်းမရှိကြချေ။

ထို့ပြင် ကုန်သည်များအနေဖြင့် ငွေအရင်းအနှီးကို အကြိမ်များများလည်ပတ်ရင်းနှီးနိုင်ခြင်းဖြင့် အကျိုးအမြတ်ကို အဆပိုမိုရရှိစေသဖြင့် လျင်မြန်မှု၊ အချိန်မြန်ဆန်မှုတို့သည် များစွာအရေးပါသည်ကို တွေ့နိုင်သည်။ အမြတ်နည်းနည်းနှင့် များများလှည့်နိုင်ခြင်းက အမြတ်ကြီးကြီးကို နည်းနည်းသာလှည့်နိုင်ခြင်းထက် သာလွန်အကျိုးရှိသည်။ ထို့ကြောင့် လုပ်ငန်းများလျင်မြန်စွာလည်ပတ်နိုင်ရေးသည်များစွာလိုအပ်သည်။ လုပ်ငန်းလျင်မြန်စွာလည်ပတ်ရေးသည် အကျိုးအမြတ်ရရှိရေးအတွက်လည်း အရေးပါသဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အချိန်ဖြုန်းသကဲ့သို့မဖြစ်ရေးနှင့် အတိုဆုံး၊ အမြန်ဆုံးဖြင့် လုပ်ကိုင်နိုင်ရေး၊ ကျွမ်းကျင်မှုရှိရေးနှင့် နည်းပညာများသုံးနိုင်ရေးသည် များစွာအရေးပါသည်ကို သတိပြုနိုင်သည်။

**စားသုံးသူများ၏ မျှော်လင့်ချက်**

စားသုံးသူများသည် ပျော်စရာကောင်းသောဘဝများတွင် နေထိုင်ရသည်ဟုပြောနိုင်သည်။ လက်ရှိကမ္ဘာကြီးတွင် အရာရာကို အလျင်အမြန်၊ ချက်ချင်းရရှိနိုင်သည့်အခြေအနေဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်ပစ္စည်းကိုမဆို ချက်ချင်းအလျင်အမြန်ရရှိနိုင်နေပြီဖြစ်သည်။ ယနေ့ အိုင်ဖုန်း ၁၅ ပေါ်သည် မနက်ဖြန်၊ သန်ဘက်ခါအတွင်းဝယ်နိုင်လျှင် ကိုင်တွယ်သုံးစွဲနိုင်ပြီဖြစ်သည်။ ကျွန်တော်တို့ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာမျှသာဖြစ်သည်ဟု ပြောလာသည်မှာ အဆိုပါလျင်မြန်မှုကြောင့် ခေါ်လာရခြင်းဖြစ်သည်။ ယနေ့လိုအပ်သောပစ္စည်းကို မနက်ဖြန်ရောက်အောင်ပို့နိုင်သည့် Delivery ကုမ္ပဏီများရှိလာပြီဖြစ်သည်။ ယနေ့ကမ္ဘာ၊ ယခုဘဝတွင် အရာရာတိုင်းလိုလိုကို အလျင်အမြန်နှင့် အဆင်သင့်ရနိုင်လာပြီဖြစ်သည်။ အုန်းရည်သောက်ရန် အုန်းပင်ရှာစရာမလိုပါ။ အုန်းသီးခွဲစရာမလိုပါ။ ရေသောက်ရန် ရေတွင်းမှင်ရန် မလိုတော့ပါ။ ရေဘုံပိုင်ခေါင်းကိုဖွင့်ရုံသာလိုသည့်အခြေအနေဖြစ်လာသည်။

KFC ကြက်ကြော်ကို ကမ္ဘာပေါ်တွင်မည်သည့်နေရာ၌မဆို ဈေးနှုန်းများစွာမကွာဘဲ ရနိုင်သည်။ ဆိုင်အပြင်အဆင်၊ ဝန်ထမ်းယူနီဖောင်းမှအစ အတူတူပင်ဖြစ်သည်။ ထို့ပြင် အစားအသောက်များကိုလည်း လျင်မြန်စွာရရှိနိုင်အောင် စီစဉ်ထားသည်ကို တွေ့နိုင်သည်။ အချို့သောလက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် အစားအစာကောင်းသော်လည်း လျင်မြန်စွာဟင်းပွဲများမချနိုင်ဘဲ ကြာမြင့်တတ်သဖြင့် ရောင်းအားမကောင်းတတ်သည်ကို တွေ့ရတတ်သည်။ လျင်မြန်မှုသည် ဖောက်သည်ကိုတိုးစေသည်ကို ဤအချက်ကိုကြည့်၍ သိနိုင်သည်။

**လျင်မြန်မှုမောင်းနှင်အားနှင့် ယဉ်ကျေးမှု**

ယနေ့ခေတ်သည် လျင်မြန်မှုက မောင်းနှင်အားဖြစ်လာသည်။ လျင်မြန်မှုလိုအပ်ချက်သည် အလေ့အထအကျင့်တစ်ခုဖြစ်လာသည်မှ ယခုအခါ ယဉ်ကျေးမှုတစ်ရပ်အသွင်ထိ ဖြစ်လာပြီဟုဆိုနိုင်သည်။ လှေခေတ်၊ လှည်းခေတ်မှ မော်တော်ကားခေတ်၊ လေယာဉ်ပျံခေတ်ရောက်လာသဖြင့် အချိန်ကိုချုံ့နိုင်ပြီဖြစ်ရာ လှေခေတ်၊ လှည်းခေတ်သို့ မည်သူမျှပြန်သွားမည်မဟုတ်ပါ။ ထို့ကြောင့်ပင် အမြန်ကို ယဉ်ကျေးမှုတစ်ရပ်အဖြစ် လုပ်ဆောင်နေကြပြီဟုဆိုလိုခြင်းဖြစ်သည်။ စားဝတ်နေရေး၊ အသက်ရှင်ရပ်တည်ရေး ကိစ္စအားလုံးတွင် လျင်မြန်မှုကို လိုလားကြသည်၊ ကြိုက်နှစ်သက်ကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းတိုင်းသည် လျင်မြန်မှုကို အသားပေးလာကြသည်။ လျင်မြန်မှုသည် အရည်အသွေးနှင့် သက်ဆိုင်ခြင်းမရှိသည်ကိုမူ သတိပြုရပါမည်။

ထုတ်ကုန်များ လျင်မြန်စွာထုတ်လုပ်နိုင်ရမည်မှာ မှန်သော်လည်း လျင်မြန်စွာတုပခြင်း၊ အညံ့များဖြင့် ဈေးကွက်ဝင်ခြင်းများမဟုတ်ပါ။ အရည်အသွေးကောင်းသောထုတ်ကုန်များကို လျင်မြန်စွာထုတ်လုပ်နိုင်ခြင်းဖြစ်ရန်လိုအပ်သည်။ လျင်လျင်မြန်မြန်ထုတ်လုပ်ရန်၊ လျင်လျင်မြန်မြန်ဈေးကွက်ဝင်ရန်တို့မှာ စီးပွားရေးအလေ့အထ၊ စီးပွားရေးကျင့်ဝတ်များဖြစ်လာသည်။ တစ်ဖက်တွင် လျင်လျင်မြန်မြန်ဖြင့် ဈေးကွက်တွင်နေရာရလာသည်နှင့်အမျှ အကျိုးအမြတ်များလည်း လျင်လျင်မြန်မြန် တိုးတက်လာသဖြင့် လျင်မြန်မှုသည် မိမိတို့စီးပွားရေးအတွက် မောင်းနှင်အားတစ်ခုဖြစ်လာသည်။ သင်ယူမှုအပိုင်းတွင်လည်းကောင်း၊ ကျွမ်းကျင်မှုများအတွက်လည်းကောင်း အချိန်များစွာယူရတတ်သည်။ သို့သော်လည်း သင်ယူမှုနှင့် လေ့ကျင့်မှုများတွင် ၁၀ ခုကို တစ်ပြိုင်နက်လေ့ကျင့်လေ့လာသည့်အစား ထိုအချိန်အတွင်းတွင်ပင် ၁၅ ခုကို တိုး၍လေ့လာလေ့ကျင့်ခြင်းဖြင့် ၁၀ ခုအတွက် ကျွမ်းကျင်မှုကို လျင်လျင်မြန်မြန်ရစေနိုင်သည်။ ထို့ကြောင့် မည်သည့်အရာကို ဆောင်ရွက်သည်ဖြစ်စေ ကျွန်တော်တို့သည် လျင်မြန်စွာတိုးတက်ရန် ကြိုးစားနေရမည်၊ လေ့ကျင့်နေရမည်ဖြစ်သည်။

**အရှိန်မြှင့်ပါ**

စီးပွားရေးလုပ်ငန်းများအတွက် လျင်မြန်မှုသည် တွန်းအားတစ်ခုဖြစ်သည်။ လျင်မြန်မှုသာယှဉ်ပြိုင်ရာတွင် အနိုင်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် နှစ်ဖက်စလုံးအောင်မြင်သောစနစ်များဖြစ်သင့်သည်၊ ဖြစ်ရမည်ဟုဆိုသော်လည်း ကိုယ့်ဘက်က မရှုံးနိမ့်ရန်လိုအပ်သည်။ ထို့ကြောင့် အလုပ်တိုင်းကို အရှိန်မြှင့်တင်လုပ်ကိုင်ရန်လိုအပ်သည်။ အလုပ်တိုင်းတွင် ကြိုတင်စဉ်းစားတွေးခေါ်ပါ။ စေ့စေ့စပ်စပ်တွေးပါ။ ကြိုတင်ပြင်ဆင်ပါ။ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ပါ။ မြန်မြန်ဆန်ဆန်ရောင်းဝယ်ပါ။ လုပ်ရင်းကိုင်ရင်း နောက်အလုပ်အတွက် ကြိုတင်တွေးတောပြင်ဆင်ပါ။ ပထမအလုပ်ပြီးလျှင် နောက်အလုပ်ကိုလုပ်ရန်အသင့်ဖြစ်နေရန်လိုအပ်သည်။

အလုပ်လုပ်ရာတွင် လျင်မြန်စွာရွေ့လျားနေသည့် ပင်လယ်လှိုင်းလုံးကြီးများပမာ ဆင့်၍ဆင့်၍ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ အကယ်၍ မိမိအလုပ်၊ မိမိစီးပွားရေးကို အရှိန်မြှင့်တင်ခြင်းမပြုနိုင်လျှင် အခြားသူများနောက်၊ ပြိုင်ဘက်များနောက်တွင် ကျန်နေခဲ့မည်မှာသေချာသည်။ ထို့ကြောင့် အရှိန်မြှင့်ရပါမည်။

ဇာလီကုမ္ပဏီ၏ စီအီးအိုက ကမ္ဘာကြီးပေါ်ရှိ နေရာတိုင်းနှင့်အရာရာတိုင်းသည် လျင်မြန်စွာဖြစ်ပေါ်နေကြသည်။ လျင်မြန်မှုသည် သာမန်မျှဖြင့်မလုံလောက်တော့ပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများသည် အခြားသောပြိုင်ဘက်များ၊ အားလုံးသောအရာများထက် လျင်မြန်နေရန်လိုအပ်သည်။ ထိပ်ဆုံးတွင် ရပ်တည်နိုင်သည်ထိ အရှိန်ကို မြှင့်တင်ရန်လိုအပ်သည်။ ထိပ်ဆုံးသို့ရောက်ပြီဆိုလျှင်လည်း ထိုနေရာတွင် တည်မြဲနေရန်အတွက် အရှိန်ကိုထပ်မြှင့်ရန်လိုအပ်သည်။ အသက်ရှင်သန်ရပ်တည်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခု ရှင်သန်အောင်မြင်ရေးသည် အရှိန်အဟုန်ဖြင့် လုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်ခြင်းသာဖြစ်သည်။ လျင်မြန်စွာတိုးတက်အောင်ဆောင်ရွက်နိုင်ရန် ယနေ့ခေတ်တွင် များစွာအရေးကြီးသည်ဖြစ်သည်။

**ဖောက်သည်များ ချစ်သောလျင်မြန်မှု**

ယနေ့ခေတ်သည် နောက်ထွက်ပေါ်လာမည့် ကုန်ပစ္စည်းအသစ်ကို ငြိမ်ငြိမ်သက်သက် အချိန်ပေးစောင့်စားနေတတ်သည့်ဖောက်သည်များ၏ခေတ်မဟုတ်ပါ။ အသစ်အသစ်များကို အမြန်ဆုံးပြောင်းလဲသုံးစွဲနေလိုသော ဖောက်သည်များ၊ ဝယ်ယူသူများ၏ခေတ်ဖြစ်သည်။ အိုင်ဖုန်းနှင့်ဆမ်ဆောင်းဖုန်းများသည် နှစ်စဉ်သာ အသစ်အဆန်းများကိုထုတ်လုပ်ပြီး ဖောက်သည်များလက်သို့ ချမပေးနိုင်လျှင် အခြားသောဖုန်းအသစ်များ၊ အခြားသောဖုန်းများထံ ရောက်ရှိသွားမည်ဖြစ်သည်။ ထို့ကြောင့်ပင် လျင်မြန်စွာအကောင်းဆုံးများကို ထုတ်လုပ်နိုင်ရန်လိုအပ်နေသည်။ စားသုံးသူများသည် ပို၍ပို၍ကောင်းသည်များကို အမြန်ဆုံးဝယ်ယူသုံးစွဲလိုကြသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် ဖောက်သည်များချစ်သည်မှာ လျင်မြန်မှုဖြစ်သည်ဟုဆိုခြင်းဖြစ်သည်။

စားသုံးသူတိုင်းသည် ပိုနေမြဲ ကျားနေမြဲ အခြေအနေမျိုးဖြင့် ခေတ်တစ်ခေတ်၊ ကုန်ပစ္စည်းတစ်မျိုး၊ ဝန်ဆောင်မှုတစ်မျိုးကို ကိုင်တွယ်သုံးစွဲနေရသည်ကို ကြိုက်နှစ်သက်ခြင်းနည်းပါးလာပြီး လိုအင်ဆန္ဒများသည် တိုးသည်ထက်တိုးလာနေသည်။ လိုချင်သည်ကိုလည်း ချက်ချင်းရလိုလာကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းတိုင်းသည် မိမိတို့ဖောက်သည်များ စိတ်ကျေနပ်စေရေးအတွက် လျင်မြန်စွာတိုးတက်စေရန် ကြိုးပမ်းနေရပါမည်။ နည်းပညာများတိုးတက်လာသည်နှင့်အမျှ ကုန်ပစ္စည်းအသစ်အဆန်းများ၊ ပိုမိုကောင်းမွန်သောပစ္စည်းများကို လျင်မြန်စွာထုတ်လုပ်နိုင်လာသည်ကို တွေ့ရသကဲ့သို့ လုပ်ငန်းတိုင်းသည်လည်း နည်းပညာကိုသုံး၍ အသစ်အဆန်းများ၊ ပိုမိုအရည်အသွေးကောင်းမွန်သောပစ္စည်းများ၊ စားသုံးသူများကို ပိုမိုဆွဲဆောင်နိုင်သောပစ္စည်းများကို မနားတမ်း ဆန်းသစ်တီထွင်ထုတ်လုပ်လာကြသည်ကို တွေ့နိုင်သည်။

**လျင်မြန်သောဆင့်ကဲပြောင်းလဲမှု**

လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ရောက်ရှိနေသောအရှိန်အဟုန်တစ်ခုကို ဆက်လက်မြှင့်တင်ရန်နှင့် အရှိန်ကို ဆက်လက်ထိန်းသိမ်းထားရန်မှာ များစွာခက်ခဲသောကိစ္စတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးခေတ်သည် လူသားတို့အတွက် နှစ်သန်းပေါင်းများစွာကြာရှည်ခဲ့သည်။ ထို့နောက် စက်မှုခေတ်သို့ ပြောင်းလဲရောက်ရှိလာပြီး တိုးတက်မှုများသည်လည်း မြန်ဆန်လာကာ ရေနွေးငွေ့ခေတ်မှသည် ယနေ့ အိုင်တီခေတ်ထိသည် နှစ်များစွာမကြာဘဲ လျင်မြန်စွာတိုးတက်လာသည်။

ထိုကဲ့သို့ ဆင့်ကဲပြောင်းလဲမှုများသည် များစွာလျင်မြန်သည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများသည် လျင်မြန်သောဆင့်ကဲတိုးတက်မှုဖြစ်စဉ်တွင် ရပ်တည်နိုင်ရန်အတွက် အရှိန်မြှင့်တင်မောင်းနှင်နေရသည်။ မိမိလုပ်ငန်းကို အရှိန်မြှင့်တင်နေရသကဲ့သို့ လျင်မြန်သောခေတ်ရေစီးအတွင်းမှ လွင့်ထွက်မသွားရန်လည်း ဆောင်ရွက်နေရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်သူများက ဖောက်သည်များကိုဝယ်ချင်အောင် ဆွဲဆောင်နိုင်သောပစ္စည်းများကို လျင်မြန်စွာပြောင်းလဲထုတ်လုပ်ကြသည်။ ဝယ်လိုအားကို အရှိန်ဖြင့်မြှင့်တင်သည်။ ဖောက်သည်များ၏ ဝယ်ချင်စိတ်ကို မြင့်လာအောင်မြှင့်တင်သဖြင့် အရှိန်ရလာပြီး အသစ်အသစ်တို့ကို အမြန်ဆုံးလိုချင်လာကြသည့်အခါ ကုန်ထုတ်သူများကလည်း အပြိုင်အဆိုင်မြှင့်တင်ကာ ကောင်းသည်ထက်ကောင်းအောင်၊ မြန်သည်ထက်မြန်အောင် ကြိုးစားဆောင်ရွက်ကြသည်။ ထို့ကြောင့်ပင် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်သည် လျင်မြန်စွာပေါ်ပေါက်လာပြီး မြန်သည်ထက်မြန်အောင် လုပ်ဆောင်လာကြသည်ကို တွေ့မြင်နေရသည်။ ထိုကဲ့သို့ ဖြစ်ပေါ်နေသောဆင့်ကဲပြောင်းလဲမှုဖြစ်စဉ် လျင်မြန်စွာလည်ပတ်နေသည်ကို ရပ်တန့်မရနိုင်ဟု သုံးသပ်နိုင်သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်လာသည့်အခါ၌ လျင်မြန်မှုဖြစ်စဉ်များတွင် အဆိုးများအနေဖြင့် လျင်မြန်စွာတိုးတက်ပြောင်းလဲခြင်းတွင် မပါလာစေရန်သတိပြုရမည်ဟု စဉ်းစားလာရသည်။ ထို့ကြောင့် အကောင်းများသာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရန် သတိပြုလုပ်ဆောင်ကြရမည်ဖြစ်သည်။

ကျွန်တော်တို့အနေဖြင့် မည်သည့်စီးပွားရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေရသည်ဖြစ်စေ လျင်မြန်စေသောအခွင့်အလမ်းများသည် အမြဲရှိနေမည်သာဖြစ်သည်။ ထို့ကြောင့် ပြောင်းလဲတိုးတက်ရန်လိုအပ်သည်။ ပြောင်းလဲတိုးတက်မှုသည် မိမိတို့၏ ပြိုင်ဘက်များထက် လျင်မြန်ရန်လိုအပ်သည်။ ပြိုင်လျှင်နိုင်ရမည်၊ နှာတစ်ဖျားမဟုတ် ကျွတ်ကျွတ်လွတ်လွတ်သာရမည်ဟု ဆိုချင်သည်။ ထိုသို့ ပြိုင်ဘက်များကိုယှဉ်ပြိုင်ရာတွင် အနိုင်ရရန်၊ ဖောက်သည်များကို ပိုမိုတိုးတက်လာရန် တို့ကို အရှိန်ဖြင့်မြှင့်တင်နေရမည်ဖြစ်သကဲ့သို့ အရည်အသွေးတိုးတက်ရေး၊ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးတို့ကိုလည်း လိုက်လျောညီထွေစွာ တိုးတက်အောင်ဆောင်ရွက်နေရန်လိုအပ်သည်။

အဆိုပါ အရည်အသွေးမြင့်သောကုန်စည်များကို မြန်မြန်ဆန်ဆန် ထုတ်လုပ်ရောင်းချနိုင်ခြင်းသည် အကျိုးအမြတ်ကိုလည်း ပိုမိုရရှိစေသကဲ့သို့ တစ်ဖက်တွင်လည်း ကုန်စည်အရည်အသွေးနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်တို့ကိုလည်း မြန်၍ အကျိုးသက်ရောက်ပြီး လျင်မြန်လာစေသည်။ ကမ္ဘာကြီးတွင် လျင်မြန်မှုမရှိလျှင် ကျရှုံးရမည့်အခြေအနေဖြစ်လာနေသည်။ လျင်မြန်မှုမရှိလျှင် ရပ်တည်ရန်မဖြစ်နိုင်တော့ပါ။ နှေးကွေးသူများ ဘေးထွက်နေရမည့်အခြေအနေဖြစ်လာသည်။ နှေးကွေးနေလျှင် နောက်တွင်ကျန်ရစ်မည်။ ထို့ကြောင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး ခရီးရှည်ပြိုင်ပွဲကြီးတွင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးဆောင်ရင်း လျင်မြန်မှုကို မြန်သည်ထက်မြန်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ကြစေရန် ရေးသားလိုက်ရပါသည်။

❖ စီးပွားရေးလုပ်ငန်းများအတွက် လျင်မြန်မှုသည် တွန်းအားတစ်ခုဖြစ်သည်။ လျင်မြန်မှုသာ ယှဉ်ပြိုင်ရာတွင်အနိုင်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် နှစ်ဖက်စလုံးအောင်မြင်သောစနစ်များဖြစ်သင့်သည်၊ ဖြစ်ရမည်ဟုဆိုသော်လည်း ကိုယ့်ဘက်က မရှုံးနိမ့်ရန်လိုအပ်သည်။ ထို့ကြောင့် အလုပ်တိုင်းကို အရှိန်မြှင့်တင်လုပ်ကိုင်ရန်လိုအပ်သည်။ အလုပ်တိုင်းတွင် ကြိုတင်စဉ်းစားတွေးခေါ်ပါ။ စေ့စေ့စပ်စပ်တွေးပါ။ ကြိုတင်ပြင်ဆင်ပါ။ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ပါ။ ❖

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်ထိ မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၇၅၁၂၁၆ ဦး ဝင်ရောက်ခဲ့

**နေပြည်တော် ဧကော်တင်ဘာ ၁၆**

ယခုနှစ် ဇန်နဝါရီလမှဩဂုတ်လကုန်ထိ မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၇၅၁၂၁၆ ဦး ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ အများဆုံး ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသန်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်ထိ နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်ထားရာတွင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့မှ ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်ခဲ့ပြီး ခရီးသွားအများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

"အခုနှစ် ရှစ်လအတွင်း မြန်မာနိုင်ငံကို နိုင်ငံတကာခရီးသွားဧည့်သည် ၇၅၁၂၁၆ ယောက် ဝင်ရောက်ခဲ့ပါတယ်။ နယ်စပ်ဝင်ပေါက်တွေကတစ်ဆင့် နိုင်ငံတကာခရီးသွားဧည့်သည် ၅၅၈၁၉၉ ယောက် ဝင်ရောက်ခဲ့ပြီး လေကြောင်းကတစ်ဆင့် နိုင်ငံတကာခရီးသွားဧည့်သည် ၁၉၃၀၁၇ ယောက် ဝင်ရောက်ခဲ့ပါတယ်။ နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုအခြေအနေကတော့ ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းစာရင် ဒီနှစ်မှာ ပိုပြီးဝင်ရောက်လာတယ်လို့လဲ ပြောနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဧပြီလကစတင်ပြီး မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာလေကြောင်းလိုင်းတွေကို ပြန်လည်ဖွင့်လှစ်ပြီးနောက် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၂၃၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပါတယ်"ဟု ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသန်းက ပြောပြသည်။

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပေါင်း ၁၀၀ ကျော်တွင်ရှိသည့် ခရီးသွားဧည့်သည်များကို e-Visa ဖြင့် ဝင်ရောက်ခွင့်ပြုခြင်း၊ ဗီဇာဖြေလျှော့ပေးခြင်း၊ ခရီးစဉ်ဒေသများအကြောင်း အွန်လိုင်းမှ ကြော်ငြာခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရပ်ရွာလူထုအခြေပြုခရီးစဉ်ဒေသများဖော်ဆောင်ခြင်းနှင့် သဘာဝအခြေခံခရီးစဉ်ဒေသများကို ဆက်လက်ဖော်ထုတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်လာစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။ ASH




# ကာလသုံးပါး

- ခံယူချက်ကို ထားရှိမှ
  အနာဂတ်က လှပမည်၊
  ငယ်ရွယ်စဉ် ကြိုးစားသွား
  တိုးပွားအတည်၊
  ပညာက အရေးကြီးသည်
  ရှာကြရည် အမြဲမပြတ်၊
  ပစ္စုပ္ပန်မှာ အားကိုထည့်ကြ
  မနွဲ့စိတ်မှတ်။

- ကာလသည် သုံးပါးတွက်
  ကျောင်းကိုတက် ပညာရှာ၊
  ပညာရှာချိန် ကျော်လွန်သွား
  စီးပွားဥစ္စာ၊
  ပြည့်စုံဖို့ ရှာကြတာ
  အသက်ကြီးလာ တရားအားထုတ်၊
  သံသရာ ဝဲဂယက်ထဲ
  လွတ်ဖို့ရည်လုပ်။

- အကောင်းဆုံးကို ဖြစ်အောင်လုပ်
  မဆုတ်မနစ် ကြိုးစားလေ၊
  ကြိုးစားလေ တိုးပွားရ
  တွေးဆထွေထွေ၊
  တရားနည်းလမ်း ကျပါစေ
  ရတာတွေ အနှစ်ဖြစ်၊
  နိဗ္ဗာန်သာ ရည်မျှော်မှန်းကာပါ့
  နည်းလမ်းသာစစ်။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# ပဲခူးမြို့နယ် ကူတောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပဲခူး ဧကော်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကူတောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကူတောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ် ကူတောင်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၈၇ ဒသမ ၅၂၂ သန်း အသုံးပြုပြီး အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ငွေတောင်တန်းကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကူတောင်ကျေးရွာရှိ စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းထံမှ သိရသည်။

**ကိုညို**

# ရမည်းသင်းမြို့နယ် ဖိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဧကော်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၆၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖိုကုန်းကျေးရွာတွင် နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၃၁၆ ဦးကို ငွေကျပ် ၆၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## နိုင်ငံတကာ သတင်းများ

# ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တရုတ်ဒုတိယသမ္မတ ဟန်ကျန်း တက်ရောက်မည်

**ပေကျင်း အောက်တိုဘာ ၁၆**

ယခုလအတွင်း အမေရိကန်နိုင်ငံနယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တရုတ်ဒုတိယသမ္မတ ဟန်ကျန်း တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက စက်တင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါကြေညာချက်သည် ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတက်ရောက်ရန် အစီအစဉ်မရှိသည့်သဘောကို ပြသလျက်ရှိသည်။

ယခုနှစ်ကုလသမဂ္ဂအထွေထွေညီလာခံကို ကမ္ဘာ့ခေါင်းဆောင်များ၏နိုင်ငံတကာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲဖြင့် စက်တင်ဘာ ၁၈ ရက်တွင် စတင်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် တရုတ်နိုင်ငံကို ကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်အနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးများသို့ လူကိုယ်တိုင်မတက်ရောက်သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။

ယခုနှစ်ကုလသမဂ္ဂအထွေထွေညီလာခံသို့ ဗြိတိန်ဝန်ကြီးချုပ် ရာရှီဆူနက်ခ်၊ပြင်သစ်သမ္မတ မက်ခရွန်နှင့် ရုရှားသမ္မတပူတင် တို့လည်း တက်ရောက်ရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။

Ref : China Daily

Trs : KKO



# ဩဂုတ်လအတွင်း အင်ဒိုနီးရှား၏ ကုန်သွယ်ရေးပိုငွေ မျှော်မှန်းသည်ထက်ပိုမြင့်မား

**ဂျကာတာ အောက်တိုဘာ ၁၆**

ယခုနှစ် ဩဂုတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေမှာ မျှော်လင့်ထားသည့်ပမာဏထက် နှစ်ဆမြင့်တက်ခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ထားသည့် စာရင်းဇယားများအရ သိရသည်။

ယခုနှစ် ဩဂုတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပမာဏသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံထိရှိခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရစာရင်းဇယားများတွင် ဖော်ပြထားသည်။

အဆိုပါ ကုန်သွယ်ရေးပိုငွေပမာဏသည် ဘောဂဗေဒပညာရှင်များ ယခင်ခန့်မှန်းထားသည်ထက် နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ယခုနှစ် ဇူလိုင်လကုန်သွယ်ရေးပိုငွေပမာဏမှာ ၁ ဒသမ ၃၁ ဘီလီယံထိရှိခဲ့သည်။

ယခုနှစ် ဩဂုတ်လအတွင်း အင်ဒိုနီးရှား၏သွင်းကုန်တင်သွင်းမှု ကျဆင်းခဲ့ခြင်းကြောင့် ကုန်သွယ်ရေးပိုငွေပမာဏ မြင့်တက်လာခဲ့ရခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံက တင်သွင်းခဲ့သည့်သွင်းကုန်တန်ဖိုးမှာ ၁၄ ဒသမ ၇၇ ရာခိုင်နှုန်းကျဆင်းခဲ့ရပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၈ ဘီလီယံဖိုးထိသာ ရှိခဲ့ကြောင်း သိရသည်။

Ref : The Strait Times

Trs : KKO

# နျူကလီးယားရေငုပ်သင်္ဘောများပြင်ဆင်မွမ်းမံမှုကို ရုရှားကာကွယ်ရေးဝန်ကြီး ကြည့်ရှုစစ်ဆေး



**မော်စကို အောက်တိုဘာ ၁၆**

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ထိပ်တန်းစစ်ဘက်သင်္ဘောကျင်းတစ်ခု၌ ရုရှားပစိဖိတ်ရေတပ်၏နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပြင်ဆင်မွမ်းမံနေမှုကိုစက်တင်ဘာ ၁၅ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးသည် စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သော ရုရှားသမ္မတ ပူတင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့၏ ဆွေးနွေးပွဲတွင် လည်းပါဝင်ခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ဘိုလ်ဆိုင်းကာမင်မြို့ရှိ ဇဗက်ဒါ သင်္ဘောကျင်းသို့ သွားရောက်၍ ပစိဖိတ်ရေတပ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပြင်ဆင်မွမ်းမံနေမှုကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဇဗက်ဒါ သင်္ဘောကျင်းသည် ရုရှားပစိဖိတ်ရေတပ်၏ နျူကလီးယား ရေငုပ်သင်္ဘောများ ပြင်ဆင်မွမ်းမံရေးလွှန်းကျင်းဖြစ်ပြီး ရုရှားအရှေ့ဖျား၌ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို အထူးပြုပြင် မွမ်းမံပေးနေသည့် တစ်ခုတည်းသော လွှန်းကျင်းလည်းဖြစ်သည်။

ရုရှား ကာကွယ်ရေးဝန်ကြီးသည် ဇဗက်ဒါလွှန်းကျင်းသို့ ဝင်ရောက်ပြီးနောက် အာဆင်ယက်ဗ်မြို့ရှိ ကေအေ-၅၂ အမ် စစ်သုံးရဟတ်ယာဉ်များ ထုတ်လုပ်ရေးစက်ရုံသို့ ဆက်လက်သွားရောက်ခဲ့သည်။

ကေအေ-၅၂ အမ်စစ်သုံး ရဟတ်ယာဉ်များ၏ တိုက်ပွဲဝင်စွမ်းဆောင်ရည်ကိုမြှင့်တင်ရေးနှင့် ရဟတ်ယာဉ်မှူးများအား အကာအကွယ်ပေးနိုင်ရေးသည် အရေးကြီးပုံကို ရုရှား ကာကွယ်ရေးဝန်ကြီးက အလေးထား မှာကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မော်ရိုကို၌ နှစ်စဉ်အစည်းအဝေးများကျင်းပရန် သင့်၊ မသင့် အိုင်အမ်အက်ဖ်နှင့်ကမ္ဘာ့ဘဏ်ဆုံးဖြတ်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၆**

မြေငလျင်ဒဏ် ခံစားထားရသည့် မော်ရိုကိုနိုင်ငံ၌ မူလအစီအစဉ်အတိုင်း နှစ်စဉ်အစည်းအဝေးများကျင်းပရန် သင့်၊ မသင့်ကို နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့က စက်တင်ဘာ ၁၈ ရက်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

အိုင်အမ်အက်ဖ်နှင့်ကမ္ဘာ့ဘဏ်တို့သည် ၎င်းတို့၏နှစ်စဉ် အစည်းအဝေးများကို မော်ရိုကိုနိုင်ငံ မာရာကတ်ချ်မြို့၌ အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်ထိကျင်းပရန် စီစဉ်ထားသည်။

သို့သော် စက်တင်ဘာ ၈ရက်တွင် မော်ရိုကိုနိုင်ငံ ဟိုက်အက်တလပ်ကုန်းမြင့်ဒေသ၌ စက်တင်ဘာ ၈ ရက်တွင် လှုပ်ခတ်ခဲ့သည့်မြေငလျင်ကြောင့် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့အနေဖြင့် မာရာကတ်ချ်မြို့၌ ကြိုတင်စီစဉ်ထားသည့်အတိုင်း အစည်းအဝေးများကျင်းပရန် ဖြစ်၊ မဖြစ်နှင့် ပတ်သက်၍ မေးခွန်းများ ပေါ်ထွက်လာခဲ့ရသည်။

သို့သော် မိမိတို့အနေဖြင့် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ် နှစ်စဉ်အစည်းအဝေးများကို မာရာကတ်ချ်မြို့၌ စီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပနိုင်မှု ရှိ၊ မရှိကို စက်တင်ဘာ ၁၈ ရက်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်မန်နေဂျင်းဒါရိုက်တာခရစ္စတာလီနာ ဂျော်ဂျီယေဗာက ထုတ်ဖော်ပြောကြားခဲ့သည်။

မာရာကတ်ချ်မြို့မှာ စက်တင်ဘာ ၈ ရက်ကလှုပ်ခဲ့သည့်မြေငလျင်ဗဟိုချက်နှင့် ၄၅ မိုင်သာကွာဝေးရာမြို့တွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

မိမိတို့အနေဖြင့် မြေငလျင်ဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်နေရသည့် မော်ရိုကိုနိုင်ငံကို နှစ်စဉ်အစည်းအဝေးများဖြင့်ဝန်ထပ်မပိစေရန်ဆန္ဒရှိကြောင်း အိုင်အမ်အက်ဖ်မန်နေဂျင်းဒါရိုက်တာ ခရစ္စတာလီနာက ပြောကြားထားကြောင်း သိရသည်။

Ref : CNA

Trs : KKO

# ယခုနှစ်ကုန်တွင် အလုပ်သမားများအတွက် အမြင့်ဆုံးနေ့စဉ်လုပ်ခ သတ်မှတ်ချက်သစ်ကို ထိုင်းအစိုးရကြေညာမည်

**ဗန်ကောက် အောက်တိုဘာ ၁၆**

အလုပ်သမားများအတွက်အမြင့်ဆုံးနေ့စဉ်လုပ်ခလစာသစ်ကို ထိုင်းနိုင်ငံက ယခုနှစ်ကုန်ပိုင်းတွင် သတ်မှတ်ကြေညာမည်ဖြစ်ကြောင်း ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာနက စက်တင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် ထိုင်းအစိုးရက သတ်မှတ်မည့် အမြင့်ဆုံးနေ့စဉ်လုပ်ခလစာသည် ယခင်ကြေညာထားသကဲ့သို့ တစ်ရက်လျှင် ဘတ် ၄၀၀ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉ ဒေါ်လာဖြစ်လိမ့်မည်မဟုတ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အလုပ်သမားများ၏ နေ့စဉ်လုပ်ခလစာကို မြှင့်တင်ပေးရေးသည် လက်ရှိထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်ကို ဦးဆောင်နေသည့် ပွေထိုင်းပါတီ၏ ရွေးကောက်ပွဲကတိကဝတ်တစ်ရပ်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ လက်ရှိ အလုပ်သမားများအတွက် အမြင့်ဆုံးနေ့စဉ်လုပ်ခသတ်မှတ်ချက်မှာ ဘတ်ငွေ ၃၃၇ ဘတ်ဖြစ်သည်။

အစိုးရက သတ်မှတ်ကြေညာပေးမည့် အမြင့်ဆုံးနေ့စဉ်လုပ်ခသတ်မှတ်ချက်သည် လက်ရှိငွေတန်ဖိုးဖောင်းပွမှုနှုန်းထက် ပို၍မြင့်မားမည်ဖြစ်ကြောင်း ထိုင်းအစိုးရအလုပ်သမားဝန်ကြီးဌာန၏ အဆိုအရသိရသည်။



အလုပ်သမားများ၏ နေ့စဉ်အမြင့်ဆုံးလုပ်ခကို အဖြစ်နိုင်ဆုံးအဆင့်ဖြင့် ဘတ်ငွေ ၄၀၀ထိမြှင့်တင်သတ်မှတ်ပေးရန် ကြိုးစားမည်ဟု ထိုင်းဝန်ကြီးချုပ်သစ်ဆရက်သာ သာဗီဆင်က ယခုရက်သတ္တပတ်အစောပိုင်းက ပြောကြားထားကြောင်း သိရသည်။

Ref : PBS

Trs : KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူးတစ်ဦး လိုက်ပါသွားသော ဆိုယုဇ်အမ်အက်စ်-၂၄ အာကာသလူသယ်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့



**မော်စကို စက်တင်ဘာ ၁၆**

ရုရှားအာကာသယာဉ်မှူးနှစ်ဦး နှင့် အမေရိကန်အာကာသယာဉ်မှူး တစ်ဦးတို့ လိုက်ပါသွားသော ဆိုယုဇ်အမ်အက်စ်-၂၄ အာကာသ လူသယ်ယာဉ်သည် စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံတကာ အာကာသ စခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၄ နှင့် နိုင်ငံတကာ အာကာသစခန်းတို့ သည် ကာဇက်စတန်နိုင်ငံအရှေ့ ပိုင်း မြေပြင်အထက် အမြင့်မိုင် ၂၆၀ အကွာတွင်ရှိသည့် ပတ်လမ်း ပေါ်တွင် အောင်မြင်စွာချိတ်ဆက် နိုင်ခဲ့သည်။

စက်တင်ဘာ ၁၅ ရက်မှာပင် လွှတ်တင်ခဲ့သည့် ဆိုယုဇ် အမ်အက်စ်-၂၄ သည် လွှတ်တင် ပြီး သုံးနာရီခန့်အကြာတွင် နိုင်ငံ တကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း နှင့်ချိတ်ဆက်ခဲ့ပြီး နှစ်နာရီခန့် အကြာတွင် အာကာသယာဉ်မှူး သုံးဦးတို့သည် အာကာသစခန်း အတွင်း အောင်မြင်စွာ ဝင်ရောက် နိုင်ခဲ့သည်။

ရုရှား အာကာသအေဂျင်စီ သည် ဆိုယုဇ်အမ်အက်စ်-၂၄ အာ ကာသလူသယ်ယာဉ်ကို ကာဇက် စတန်နိုင်ငံ ဘိုင်ကိုနော အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၄ နိုင်ငံ တကာအာကာသစခန်းသို့ ရောက်ရှိ ပြီးနောက် လာမည့်စက်တင်ဘာ ၂၇ ရက်တွင် အမေရိကန်အာကာသ ယာဉ်မှူးတစ်ဦးနှင့် ရုရှားအာကာသ ယာဉ်မှူး နှစ်ဦးတို့ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref:Space.com

Trs:KKO


## နာဆာ၏ ဂျူနိုအာကာသယာဉ်က ကြာသပတေးဂြိုဟ်နှင့် အိုင်အိုဂြိုဟ်ရံလတို့ကို တစ်တွဲတည်းဓာတ်ပုံများရိုက်ကူးခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ(နာဆာ)၏ ဂျူနို အာကာသယာဉ်သည် ကြာသ ပတေးဂြိုဟ်နှင့် အိုင်အိုဂြိုဟ်ရံလတို့ ကို တစ်တွဲတည်းဓာတ်ပုံများရိုက် ကူးခဲ့ကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို ကြာသ ပတေးဂြိုဟ်အား ၅၃ ကြိမ်မြောက် အဖြစ် အနီးကပ်မဖြတ်သန်းမီ ဇူလိုင် ၃၀ ရက်တွင် ရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများ က စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျူနိုအာကာသယာဉ် ရိုက်ကူး ခဲ့သည့် ဓာတ်ပုံများထဲတွင် ကြာသ ပတေးဂြိုဟ်ကို အိုင်အိုဂြိုဟ်ရံလ နောက်ခံထား၍ တွေ့မြင်နိုင်သည်။



ထို့ပြင် ကြာသပတေးဂြိုဟ်၏ ရောင်စုံမိုးတိမ်များနှင့်လေမုန်တိုင်း များကိုလည်း ၎င်းဓာတ်ပုံများ၌ အနီးကပ်တွေ့နိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဓာတ်ပုံများကို ဂျူနို အာကာသယာဉ်သည် အိုင်အို ဂြိုဟ်ရံလနှင့် မိုင်ပေါင်း ၃၂၁၇၀၊ ကြာသပတေးဂြိုဟ် တိမ်တိုက်ထိပ် များနှင့် မိုင်၂၄၅၀၀၀ အကွာတို့မှ တစ်ဆင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ်တွင် ဂြိုဟ်ရံ လ ၉၂ စင်းရှိသည့်အနက်အိုင်အို ဂြိုဟ်ရံလမှာ ပဉ္စမမြောက် ဂြိုဟ်ရံ လဖြစ်ကြောင်း သိရသည်။

Ref:Space.com

Trs:KKO

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကို ကမ္ဘာမြေဘက်သို့ချိန်ရွယ်ထားပါက ကမ္ဘာပေါ်ရှိ သက်ရှိယဉ်ကျေးမှုလက္ခဏာများကို ရှာဖွေပေးနိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၆**

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီ ယိုတယ်လီစကုပ်ကို အခြားကြယ် စနစ်တစ်ခုတွင်နေရာချ၍ ကမ္ဘာ မြေဘက်သို့ ချိန်ရွယ်ထားပါက ကမ္ဘာပေါ်ရှိ သက်ရှိယဉ်ကျေးမှု လက္ခဏာများကို ရှာဖွေပေးနိုင် ကြောင်း သိပ္ပံပညာရှင်များက စက် တင်ဘာ ၁၅ ရက်တွင်ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ သည် ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ စွမ်းဆောင် ရည်ကို ကွန်ပျူတာစံပြပုံစံများဖြင့် လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာ သည့် ရလဒ်များအရ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် ကို ကမ္ဘာမြေနှင့်အလင်းနှစ် ၅၀ အကွာရှိ ကြယ်စနစ်တစ်ခုထားရှိခဲ့ ပါက ၎င်းတယ်လီစကုပ်သည် ကမ္ဘာ့လေထုလွှာအတွင်းရှိ သက်ရှိ လက္ခဏာများကို ရှာဖွေပေးနိုင် ကြောင်း သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက် အရ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်သည် ကမ္ဘာမြေ နှင့်အလင်းနှစ် ၄၀ အကွာတွင်ရှိ ထရက်ပစ်-၁ ကြယ်စနစ်အတွင်း သက်ရှိများ ရှိနေမည်ဆိုပါက ထောက်လှမ်းပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထရက်ပစ်-၁ ကြယ်စနစ်တွင် အနီရောင်ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ် ပေါင်း ခုနစ်စင်းထိ ရှိသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီ ယိုတယ်လီစကုပ်ကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref:Space.com

Trs:KKO

# HEALTH

## ဆေးလိပ်နှင့်ဆေးခြောက်သုံးစွဲမှုကြောင့် စိတ်ကျဝေဒနာဝင်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် စက်တင်ဘာ ၁၆**

ဆေးလိပ်နှင့် ဆေးခြောက် နှစ်မျိုးစလုံးသုံးစွဲမှုကြောင့် စိတ်ကျ ဝေဒနာ ဝင်နိုင်ခြေ မြင့်မားလာနိုင် ကြောင်း သုတေသနပညာရှင်များ က စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီး ယားတက္ကသိုလ်မှ သုတေသနပညာ ရှင်များသည် အရွယ်ရောက်သူ ဦးရေပေါင်း ၅၄၀၀၀ ခန့်ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှထွက်ပေါ်လာ သည့်ရလဒ်များအရ ဆေးလိပ်နှင့် ဆေးခြောက် နှစ်မျိုးစလုံးသုံးစွဲသူ များသည် လုံးဝမသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာ သို့မဟုတ် စိုးရိမ်သောကဝေဒနာ ဝင်နိုင်ခြေ နှစ်ဆခန့်ပိုများသည်ကို တွေ့ရကြောင်း သုတေသနပညာ ရှင်များက ပြောကြားသည်။

ဆေးလိပ်သောက်ခြင်းနှင့်ဆေး ခြောက်သုံးစွဲမှုတို့သည် စိတ်ကျ ဝေဒနာနှင့် စိုးရိမ်သောကဝေဒနာ များကို ကုသရာတွင် အကျိုးမရှိ သည့်အပြင် ရေရှည်၌ စိတ်ပိုင်းဆိုင် ရာ ကျန်းမာရေးပြဿနာများပင် ပိုဆိုးလာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဆေးလိပ်နှင့်ဆေး ခြောက် နှစ်မျိုးစလုံးသုံးစွဲမှုနှင့်စိတ်ကျ ဝေဒနာ၊ စိုးရိမ်သောကဝေဒနာ ဝင်ရောက်မှုတို့ကြား မည်သို့ဆက် စပ်နေသည်ကို သုတေသနပညာရှင် များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

စိတ်ကျဝေဒနာ ခံစားနေရသူ များ၊ စိုးရိမ်သောကဝေဒနာခံစား နေရသူများသည် သက်သာရာ သက်သာကြောင်း နည်းလမ်းအဖြစ် ဆေးလိပ်နှင့် ဆေးခြောက်တို့ကို သုံးစွဲလာနိုင်သည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref:Health Day News

Trs:KKO

## အစာခြေလမ်းကြောင်းစနစ်ပြဿနာက သက်ကြီးပိုင်းများ အထီးကျန်မှု၊ စိတ်ခံစားရမှုတို့နှင့် ဆက်စပ်နေ

**နယူးယောက် စက်တင်ဘာ ၁၆**

အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေး ပြဿနာများသည် သက်ကြီးပိုင်းများ အထီးကျန်မှု၊ စိတ်ခံစားရမှုတို့နှင့် ဆက်စပ်နေ ကြောင်း သုတေသနပညာရှင်များ က စက်တင်ဘာ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် အစာခြေလမ်းကြောင်း စနစ် ကျန်းမာရေးပြဿနာများရှိသူ ရော မရှိသူများပါ ပါဝင်သည့်သက် ကြီးပိုင်းများ၏ အထီးကျန်မှုအတိုင်း အဆနှင့် လူမှုရေးအထီးကျန်မှု အဆင့်တို့ကို နှိုင်းယှဉ်လေ့လာ ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာ သည့်ရလဒ်များအရ အစာခြေလမ်း ကြောင်းစနစ် ကျန်းမာရေးပြဿနာ များရှိနေသူ သက်ကြီးပိုင်းများသည် မရှိသူများနှင့် နှိုင်းယှဉ်ပါက လူမှု ရေးအရ အထီးကျန်နိုင်ခြေ၊ စိတ် ခံစားရမှု ဝေဒနာဝင်နိုင်ခြေပိုမြင့် မားကြောင်း သုတေသနပညာရှင် များက ပြောကြားသည်။

သက်ကြီးပိုင်းများကြား အစာ ခြေလမ်းကြောင်းစနစ် ကျန်းမာရေး ပြဿနာများဖြစ်ပွားမှုနှုန်း အဘယ် ကြောင့်မြင့်မားလာရသည်ကို လေ့ လာနေကြသည့်တိုင် ၎င်းလေ့လာမှု များသည် စိတ်ပိုင်းဆိုင်ရာအကြောင်း တရားများ၏ အကျိုးသက်ရောက်မှု ကို ထည့်သွင်းတွက်ချက်ခြင်းမရှိခဲ့ ကြောင်း သုတေသနပညာရှင်များ က ထောက်ပြထားသည်။

စိတ်ပိုင်းဆိုင်ရာ နောက်ခံ အကြောင်းတရားများမှာ သက်ကြီး ပိုင်းများ၏ အစာခြေလမ်းကြောင်း စနစ် ကျန်းမာရေးပြဿနာများ အပေါ် အကျိုးသက်ရောက်မှုရှိနိုင် ကြောင်း သုတေသနပညာရှင်များ က ပြောကြားသည်။

Ref:Health Day News

Trs:KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး အမ်ဘက်ပီ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်း အိမ်ကွင်းပထမဆုံးရှုံးပွဲကြုံခဲ့ရ




**ပဲရစ် စက်တင်ဘာ ၁၆**

ပြင်သစ်လီဂူးပွဲစဉ်(၅) အဖြစ် ပီအက်စ်ဂျီအသင်းက နိုက်အသင်းကို အိမ်ကွင်းတွင်ဧည့်ခံကစားရသော်လည်း သုံးဂိုးနှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီ ပထမဆုံးအိမ်ကွင်းရှုံးပွဲကြုံခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း နိုက်အသင်းတိုက်စစ်မှူး မော့ဖီ၏ ဦးဆောင်ဂိုးကြောင့် အခက်တွေ့ခဲ့ရပြီး တိုက်စစ်ကစားအားမြှင့်တင်ခဲ့ရာ ပွဲချိန် ၂၉ မိနစ်တွင် တိုက်စစ်မှူး အမ်ဘက်ပီက ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် သရေရလဒ်ဖြင့်ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် တန်ပြန်တိုက်စစ်ဖြင့် ကစားလာသည့် နိုက်အသင်း၏ကစားပုံကို ထိန်းချုပ်နိုင်ခြင်းမရှိ၍ ပွဲချိန် ၅၃ မိနစ်တွင် မော့ဖီ၏ဖန်တီးမှုမှ လာဘော်ဒီက ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။

ထို့နောက် ပီအက်စ်ဂျီအသင်းက လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်ခဲ့သော်လည်း နိုက်အသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်း မရှိခဲ့သဖြင့် ပွဲချိန် ၆၈ မိနစ်တွင် မိုဖီက ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ရာ ပီအက်စ်ဂျီအသင်း ဖိအားအောက် ကျရောက်ခဲ့ပြီး ချေပဂိုးရရှိရန် တိုက်စစ်မြှင့်တင်ခဲ့သဖြင့် အမ်ဘက်ပီက ပွဲချိန် ၈၇ မိနစ်တွင် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အိမ်ကွင်းရှုံးပွဲ ကြုံခဲ့ရကြောင်း သိရသည်။

**Ref : AFP**

**Trs : ML**

# နယူးကာဆယ်အသင်းက ဝယ်လ်ဆင်ကို တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၁၆**

နယူးကာဆယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူးဝယ်လ်ဆင်ကို ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်မတိုင်မီ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဝယ်လ်ဆင်သည် နယူးကာဆယ်အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းသည် အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် တိုက်စစ်ပိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသ၍ အသင်း၏ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ပွဲစုံပွဲ ၈၀ တွင် သွင်းဂိုး ၄၀ သွင်းယူနိုင်ခဲ့သည့် ကစားသမားဖြစ်သောကြောင့် နည်းပြဟိုဝီ၏ယုံကြည်မှုကို ရရှိခဲ့ကြောင်း သိရသည်။

ဝယ်လ်ဆင်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူထားသော်လည်း အသင်းအနေဖြင့် နိုင်ပွဲတစ်ပွဲသာ ရရှိထားသောကြောင့် နည်းပြဟိုဝီက အသင်းမှ အဓိက ကစားသမားများကို ဆက်လက်ထိန်းသိမ်းရန်စီစဉ်ခဲ့ပြီး တိုက်စစ်မှူး ဝယ်လ်ဆင်ကို တစ်နှစ်သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြဟိုဝီက "ဝယ်လ်ဆင်ဟာ အသက်အရွယ်ရလာပေမဲ့ အသင်းအတွက် လိုအပ်တဲ့သွင်းဂိုးတွေကို သွင်းယူပေးနိုင်ဆဲ ဖြစ်ပါတယ်။ ဒါဟာ အသင်းဖော်ကစားသမားတွေကို နိုင်ပွဲရဖို့စိတ်အားထက်သန်စေပါတယ်။ ဒါ့ပြင် ဝယ်လ်ဆင်ဟာ ဂိုးသွင်းယူတဲ့ အချိန်တွေမှာလဲ စိတ်လှုပ်ရှားမှုမရှိတာကိုလဲ တွေ့ရမှာပါ။ ဒီအချက်က တိုက်စစ်မှူးတွေမှာရှိရမဲ့ အဓိကအချက်လို့ ကျွန်တော်ထင်ပါတယ်။ သူ့လို တိုက်စစ်မှူးကို အသင်းနဲ့ရေရှည်လက်တွဲနိုင်ခဲ့လို့ ကျေနပ်မိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : 90min.com**

**Trs : ML**




# အဲဗာတန်အသင်းက အသင်း၏ရှယ်ယာများကို 777 Partners ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီထံ ရောင်းချ

**လန်ဒန် စက်တင်ဘာ ၁၆**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းရရှိရန်ရုန်းကန်နေရသည့် အဲဗာတန်အသင်းက အသင်း၏ရှယ်ယာများကို အမေရိကန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် 777 Partners ကုမ္ပဏီထံ ယနေ့တွင်ရောင်းချခဲ့ကြောင်း သိရသည်။

အမေရိကန် မီယာမီမြို့အခြေစိုက် အဆိုပါကုမ္ပဏီသည် အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီပိုင်ဆိုင်သည့် အသင်း၏ ရှယ်ယာ ၉၄ ဒသမ ၁ ရာခိုင်နှုန်းကို စတာလင်ပေါင် သန်း ၅၅၀ ဖြင့်ဝယ်ယူရန်သဘောတူညီမှု ရရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်နှင့် အက်ဖ်အေတို့ကလည်း အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီသည် အသင်း၏ရှယ်ယာများကို ၂၀၁၆ ခုနှစ်မှ စတင်ဝယ်ယူခဲ့ပြီး ဝယ်ယူစဉ်က အစုရှယ်ယာ ၄၉ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်က အသင်းအတွက် စတာလင်ပေါင် သန်း ၁၀၀ ထပ်မံရင်းနှီးမြှုပ်နှံခဲ့ကာ အစုရှယ်ယာ ၉၄ ဒသမ ၁ ရာခိုင်နှုန်းထိ ပိုင်ဆိုင်ခဲ့သည်။

၎င်းသည် အဲဗာတန်အသင်းကိုဝယ်ယူပြီးနောက် ကစားသမားသစ်ခေါ်ယူမှုနှင့် အသင်းတည်ဆောက်မှုများတွင် ယူရိုသန်း ၇၅၀ ထိ ရင်းနှီးမြှုပ်နှံခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိဘဲ အမှတ်ပေးဇယားအဆင့်(၈) နောက်ပိုင်းတွင်သာရပ်တည်နိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီ နှစ်ရာသီကလည်း တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ကြိုးစားရုန်းကန်ခဲ့ရသကဲ့သို့ ယခုနှစ်တွင်လည်း ပရီးမီးယားလိဂ်တွင် နိုင်ပွဲမရရှိသေးသောကြောင့် မိုရှီရီအနေဖြင့် အသင်းကိုရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဆိုစီဒက်ကွင်းလယ်ကစားသမား ဇူဘီမန်ဒီကို အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၁ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။
- ဘရိုက်တန်ကို သုံးဂိုးတစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့် မန်ယူအသင်းအနေဖြင့် နှစ်ပေါင်း ၃၃ နှစ်အတွင်း ရာသီအစအမှတ်ပေးပြိုင်ပွဲ ငါးပွဲတွင် သုံးပွဲရှုံးခဲ့သည့် မှတ်တမ်းဆိုးကိုပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ML

# စီရော်နယ်ဒိုက လက်ကျန်လုပ်ခလစာပေးချေခြင်းမရှိသေးသည့် ဂျူဗင်တပ်အသင်းကို တရားစွဲဆိုရန်ပြင်ဆင်

**ရောမ စက်တင်ဘာ ၁၆**

လက်ရှိ အယ်နာဆာအသင်းဝါရင့်တိုက်စစ်မှူး စီရော်နယ်ဒိုက လက်ကျန်လုပ်ခလစာပေးချေခြင်းမရှိသေးသည့် အသင်းဟောင်း ဂျူဗင်တပ်အသင်းကို တရားစွဲဆိုရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် သုံးနှစ်ကြာကစားခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ မန်ယူအသင်းတွင်လည်း တစ်ရာသီကျော်သာ ကစားခဲ့ပြီး အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုသည် ဂျူဗင်တပ်အသင်းတွင်ကစားခဲ့စဉ်က စံချိန်တင်လုပ်ခလစာရရှိခဲ့ပြီး အသင်းနှင့်လမ်းခွဲခဲ့ပြီး နောက်တွင်လည်း ဂျူဗင်တပ်အသင်းထံမှ လုပ်ခလစာယူရို ၁၉ ဒသမ ၉ သန်းရရှိရန် ကျန်ရှိနေပြီး အစောပိုင်းကတည်းက တောင်းဆိုထားသော်လည်း ဂျူဗင်တပ်အသင်းက လက်ရှိအချိန်ထိ ပေးချေခြင်း မရှိသည့်အတွက် တရားစွဲဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မကြာမီ စီရော်နယ်ဒိုက ၎င်း၏ တရားရေးရာ အရာရှိအဖွဲ့ဖြင့် အီတလီနိုင်ငံ တူရင်မြို့သို့ လာရောက်မည်ဖြစ်ပြီး လုပ်ခလစာအပြည့်အဝ မပေးချေသေးသည့် စွဲချက်ဖြင့် တူရင်မြို့ရှိတရားရုံးတွင် ဦးတိုက်လျှောက်ထားမည်ဖြစ်သည်။

ဂျူဗင်တပ်အသင်း အနေဖြင့် စီရော်နယ်ဒို ကစားခဲ့စဉ်က ၎င်းအပါအဝင် ကစားသမားများကို လုပ်ခလစာအပြည့်အဝ မပေးချေဘဲ တရားမဝင်စာရွက်စာတမ်းများပြုလုပ်ခဲ့သည့်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ယခုအခါတွင်လည်း စီရော်နယ်ဒိုနှင့်တရားရုံးတွင် ထပ်မံတရားရင်ဆိုင်ရမည် ဖြစ်ကြောင်း သိရသည်။




**Ref : Footballitalia**

**Trs : STA**

## ပရီးမီးယားလိဂ် ပွဲစဉ် (၅) ရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၁ | - | ၃ | လီဗာပူး |
| အေဗီလာ | ၃ | - | ၁ | ပဲလေ့စ် |
| ဖူလ်ဟမ် | ၁ | - | ၀ | လူတန် |
| မန်ယူ | ၁ | - | ၃ | ဘရိုက်တန် |
| စပါး | ၂ | - | ၁ | ရှက်ဖီးလ်(ယူ) |
| ဝက်စ်ဟမ်း | ၁ | - | ၃ | မန်စီးတီး |

(၀၄၀)

# အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ယူ-၂၄ အသင်း တရုတ်နိုင်ငံသို့ထွက်ခွာ




**ရန်ကုန် စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ယူ-၂၄ အသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံသို့ ယနေ့တွင် ထွက်ခွာခဲ့ကြောင်း သိရသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၄ နှစ်အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု ပြိုင်ပွဲမဟုတ်သည့်အတွက် ကစားသမားခေါ်ယူမှုများတွင် ကလပ်အသင်းဘက်မှစေလွှတ်ပေးမှသာခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် မလေးရှားလိဂ်တွင် သွားရောက်ကစားနေသည့် ဟိန်းထက်အောင် လွဲချော်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို အသက် ၂၄ နှစ်အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားသော်လည်း အသက် ၂၄ နှစ်ကျော်လွန်သည့်ကစားသမား သုံးဦးအသုံးပြုခွင့်ရရှိမည်ဖြစ်သည့်အတွက် နည်းပြ ဖိုက်တန်ဘိုင်နာက သက်ကျော် ကစားသမားသုံးဦးအဖြစ် ရန်ကျော်ထွေး၊ ရန်နိုင်ဦးနှင့် နေမိုးနိုင်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

နည်းပြ ဖိုက်တန်ဘိုင်နာ ရွေးချယ်ခဲ့သည့် မြန်မာ့လက်ရွေးစင်ယူ-၂၄ အသင်း၏ အပြီးသတ်ကစားသမား ၂၂ ဦး စာရင်းမှ ဂိုးသမားနေရာတွင် ပြည့်ဖြိုးအောင်၊ ဇင်ညီညီအောင်၊ ပြည့်ဖြိုးသူ၊ ခံစစ်ကစားသမားနေရာတွင် ကောင်းထက်ပိုင်၊ မင်းခန့်၊ ဟိန်းဇေယျာလင်း၊ ဇွဲခန့်မင်း၊ လတ်ဝေဘုန်း၊ သက်ဟိန်းစိုး၊ ဇင်ကိုထက်၊ ညဏ်လင်းထက်၊ ကွင်းလယ်ကစားသမားနေရာတွင် အာကာကျော်၊ရန်နိုင်ဦး၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ မင်းမြတ်စိုး၊ နေမိုးနိုင်၊ ဥက္ကာနိုင်၊ ခွန်ကျော်ဇင်ဟိန်း၊ တိုက်စစ်ကစားသမားနေရာတွင် ချစ်အေး၊ ထက်ဖြိုးဝေနှင့် ရန်ကျော်ထွေးတို့ပါဝင်ခဲ့ကြသည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၂၄ အသင်းသည် အုပ်စု(က)တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ အိမ်ရှင်တရုတ်အသင်း၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် တရုတ်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းတို့နှင့်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# အင်တာမီလန်အသင်းဂိုးသမားဟောင်း ဟန်ဒါနိုဗစ်ချ် ကစားသမားဘဝမှ အနားယူ

**ရောမ စက်တင်ဘာ ၁၆**

ဆလိုဗေးနီးယား အသင်းနှင့် အင်တာမီလန်အသင်း ဂိုးသမားဟောင်း ဟန်ဒါနိုဗစ်ချ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိ ဝါရင့်ဂိုးသမားဟန်ဒါနိုဗစ်ချ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်က ဆလိုဗေးနီးယားကလပ် ဒွန်ဇာလီအသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ၂၀၀၅ ခုနှစ်က ဒွန်ဇာလီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် စီးရီးအေကလပ် အူဒီးနီးစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

သို့သော် အူဒီးနီးစ်အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ ထရာဗီဆိုအသင်း၊ လာဇီယိုအသင်း၊ ရီမီနီအသင်းတို့သို့ အငှားစာချုပ်များဖြင့် အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်က အသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့ပြီးနောက် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ်က အူဒီးနီးစ်အသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဟန်ဒါနိုဗစ်ချ်သည် အင်တာမီလန်အသင်းတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ အဓိကဂိုးသမားအဖြစ် ကစားခွင့်ရရှိခဲ့ပြီး အသင်းနှင့် ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ကာ ဥရောပထိပ်တန်း ဂိုးသမားများထဲတွင် တစ်ဦးအပါအဝင်အဖြစ် ရပ်တည်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အင်တာမီလန်အသင်းတွင် ပွဲကစားခွင့်အနည်းငယ်သာရရှိခဲ့ပြီး အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေရာမှ ယခုအခါပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Footballitalia**

**Trs : STA**

# Davis Cup Finals ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဆားဘီးယားအသင်း တက်ရောက်



**ဗလင်စီယာ စက်တင်ဘာ ၁၆**

စပိန်နိုင်ငံ ဗလင်စီယာမြို့တွင် Davis Cup Finals တင်းနစ်ပြိုင်ပွဲ အုပ်စု(ဂ)၏ပွဲစဉ်တစ်ပွဲအဖြစ် စပိန်အသင်းနှင့် ဆားဘီးယားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဆားဘီးယားအသင်းက ၂-၀ ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆားဘီးယား အသင်းအတွက် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်က အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ပြတ်သားသည့် ရလဒ်များဖြင့် စပိန်အသင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် တစ်ဦးချင်းပွဲစဉ်တွင် စပိန်အသင်းမှ ဖိုကီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျိုကိုဗစ်က (၆-၃ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရရှိခဲ့ပြီး မကြာသေးမီက US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကာ ဂရန်းစလန်းဆုဖလား ၂၄ လုံးထိ ရရှိထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသလို ကမ္ဘာ့အဆင့်(၁)နေရာကိုလည်း ပြန်လည်ရရှိထားသူဖြစ်သည်။

ဂျိုကိုဗစ်က ယခုနှစ်တင်းနစ်ရာသီတွင် အခက်အခဲတချို့ဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း အဓိကဆုဖလားများ ဆွတ်ခူးထားနိုင်ပြီး နိုင်ပွဲဆက်နေသည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က "ဆားဘီးယားနိုင်ငံကိုယ်စားပြုကစားခဲ့ရပြီး နိုင်ပွဲရယူပေးနိုင်ခဲ့လို့လဲ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ နိုင်ငံကိုယ်စားပြုကစားရတဲ့အတွက်ကြောင့် တာဝန်ကြီးသလို ဖိအားလဲများပါတယ်။ ဆားဘီးယားအသင်း အနေနဲ့လဲ အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး မာလာဂါမှာကစားရမဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : ATP**

**Trs : AZL**

# WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ တိုင်ဆန်ဖျူရီက ကစားသမားဘဝ သက်တမ်းတစ်လျှောက် အလွယ်ကူဆုံးပြိုင်ဘက်မှာ ကလစ်ချ်ကိုဖြစ်ကြောင်း ပြောကြား

**လန်ဒန် စက်တင်ဘာ ၁၆**

ရှုံးပွဲမရှိသေးဘဲ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဆုကိုဆွတ်ခူးထားသည့် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီက ကစားသမားဘဝသက်တမ်းတစ်လျှောက် ထိုးသတ်ခဲ့သော ပြိုင်ဘက်များအနက် အလွယ်ကူဆုံးသော ပြိုင်ဘက်မှာ ယူကရိန်းလက်ဝှေ့သမားကလစ်ချ်ကိုဖြစ်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တိုင်ဆန်ဖျူရီသည် ၁၁ နှစ်အကြာ ရှုံးပွဲမရှိစံချိန်တင်ထားပြီး WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းခါးပတ်များပိုင်ရှင် ကလစ်ချ်ကိုနှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဂျာမနီနိုင်ငံ ဒူဆယ်ဒေါ့ဖ်မြို့တွင် ထိုးသတ်ခဲ့ပြီး တိုင်ဆန်ဖျူရီက အမှတ်ဖြင့်အနိုင်ရရှိကာ ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့လောက၏ ပြိုင်ဘက်ကင်း ချန်ပီယံတစ်ဦးဖြစ်လာခဲ့သည်။

တိုင်ဆန်ဖျူရီသည် နာမည်မရှိသေးသော လက်ဝှေ့သမားများအပြင် နာမည်ကြီးလက်ဝှေ့သမားအမြောက်အမြားဖြင့် ထိုးသတ်ခဲ့ဖူးသော်လည်း အလွယ်ကူဆုံးပြိုင်ဘက်အဖြစ် ကလစ်ချ်ကိုအားရွေးချယ်ခဲ့ခြင်းကြောင့် လက်ဝှေ့လောကအတွက် အံ့အားသင့်စရာဖြစ်ခဲ့ရသည်။

တိုင်ဆန်ဖျူရီက "ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ကလစ်ချ်ကိုနဲ့ ထိုးရတော့မဲ့အချိန် ကျွန်တော့်စိတ်ထဲမှာ တွေးလိုက်တာက ဒီပွဲစဉ်ဟာကျွန်တော့်ဘဝအတွက် အခက်အခဲဆုံးပွဲစဉ်တစ်ပွဲဖြစ်လာနိုင်တယ်လို့ တွေးမိတာပါ။ ဒါပေမဲ့လဲ တကယ်တမ်းထိုးသတ်တော့ ကျွန်တော့်အတွက်လွယ်ကူတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ဒီနေ့ထိ ထိုးသတ်ထားတဲ့ စိန်ခေါ်ပွဲတွေထဲမှာ အလွယ်ကူဆုံးပြိုင်ဘက်ကို ပြောပါဆိုရင် ကလစ်ချ်ကိုပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**

**Trs : AZL**

# Fortinet Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မ်ဆောင်ဟွန်နှင့် တီဂလာတို့ ပူးတွဲဦးဆောင်

**ကော့ဒယ် စက်တင်ဘာ ၁၆**

အမေရိကန်နိုင်ငံ အရီဇိုးနား ပြည်နယ် စကော့ဒယ်မြို့တွင်ကျင်းပနေသည့် Fortinet Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက် ကစားသမား ကင်မ်ဆောင်ဟွန်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တီဂလာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမားဖြစ်သည့် ဘယ်ဆန်မွန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမား အဲရစ်ကိုးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

တီဂလာသည် ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံးသော ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့ပြီး ပထမနေ့တွင် ရလဒ်မကောင်းခဲ့သော်လည်း ဒုတိယနေ့ရလဒ်ကြောင့် အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခွင့်ရလာခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၇ ရက်တွင် အသက် ၂၅ နှစ်ပြည့်မည့် ကင်မ်ဆောင်ဟွန်အနေဖြင့် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမားဖြစ်လာခဲ့ပြီးနောက် ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတစ်လျှောက် အမှတ်ပေးဇယားကို ပထမဦးဆုံးအကြိမ် ဦးဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**Ref : Korea Herald**

**Trs : AZL**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၄) ရလဒ်

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၁ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဖရိုင်းဘတ် | ၂ | - | ၄ | ဒေါ့မွန် |
| မိန့်ဇ် | ၁ | - | ၃ | စတုဂတ် |
| လိုက်ပ်ဇစ် | ၃ | - | ၀ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၂ | - | ၁ | ယူနီယံဘာလင် |

(၀၄၀)

# ကသမြင်ငါးနှင့် ဆေးဖက်ဝင်ငါးစည်ဖောင်းများ

**နှင်းအိ(ရာမညမြေ)**



ကသမြင်ငါးသည် ငါးပုတ်သင် ခေါ် ငါးပြေက် အုပ်စုဝင်များဖြစ်ကြပြီး ကမ်းရိုးတန်းဒေသပြင်၊ ပင်လယ်အော်၊ မြစ်ဝနှင့်ကမ်းဦးရေတိမ်ပိုင်းတို့တွင် နေထိုင်လေ့ရှိကြသည်။ ၎င်းငါးသည် အင်္ဂလိပ်အမည်အားဖြင့် Chinese Bahaba (or) Yellow Croaker ဟုခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ BahabaTaipingensis ဖြစ်သည်။ ကသမြင်ငါးအပါအဝင် ငါးပုတ်သင် ခေါ် ငါးပြေက်အုပ်စုဝင်ငါးများ၏ ထူးခြားမှုမှာ ငါးစည်ဖောင်းမှတစ်ဆင့် ကြွက်သားကိုအသုံးပြုကာ အသံထုတ်လွှတ်ပေးလေ့ရှိကြသည်။ ထို့ကြောင့် ငါးပုတ်သင်၊ ငါးပြေက်အုပ်စုဝင်ငါးများကို "Croakers or Drums"ဟု တင်စားခေါ်ဝေါ်ကြသည်။ ထို့ပြင် "Meagres or Weak Fishes"ငါးများဟူ၍လည်း အမည်တွင်ပြန်ပါသေးသည်။

ကသမြင်ငါးအပါအဝင် ငါးပုတ်သင်၊ ငါးပြေက် အုပ်စုဝင်ငါးများသည် ရေအောက်ကြမ်းပြင်နေငါးများဖြစ်ကြပြီး ရေချို၊ ရေငန်စပ်၊ ရေငန်ပိုင်းတွင် အများဆုံးတွေ့ရကာ ကမ်းရိုးတန်းဒေသပြင်၊ ကမ်းခြေအနီးတွင်လည်း တွေ့ရတတ်သည်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမပင်လယ်ကွေ့တို့တွင် ကသမြင်ငါးကို ပိုမိုတွေ့ရတတ်သည်။ ကသမြင်ငါးမှာ အသားစားငါးများဖြစ်ကြပြီး ငါးငယ်နှင့် ကျောရိုးမဲ့ရေသတ္တဝါများကို ၎င်းတို့၏အစာအဖြစ် စားလေ့ရှိကြသည်။

**ကသမြင်ငါးစည်ဖောင်းနှင့်အသုံးဝင်ပုံများ**

ငါးစည်ဖောင်းကို အင်္ဂလိပ်လို Swim Bladder (or) Air Bladder(or) Fish Maw ဟု ခေါ်ဆိုကြသည်။ ငါးစည်ဖောင်းကို ပင်လယ်ပိုင်းဒေသနှင့် ဆက်စပ်နေသော ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် အစရှိသည့်နေရာဒေသများတွင်သာ တွေ့ရများသည်။ ငါးစည်ဖောင်းသည် အရိုးမာငါးအုပ်စုတွင် အများစုပါရှိကြပြီး စည်ဖောင်းအရွယ်အစားနှင့် ငါးအမျိုးအစားအလိုက်တန်ဖိုးကြီးမြင့်ကြသည်။ ငါးစည်ဖောင်းမှန်သမျှဈေးကောင်းပြီး ဆေးဖက်ဝင်ကြသည်။ ငါးစည်ဖောင်းများတွင် ငါးပုတ်သင်အုပ်စုဝင်ဖြစ်သည့် ကသမြင်ငါးမှရသော ကသမြင်ငါးစည်ဖောင်းမှာ သိန်းရာချီအဖိုးတန်ပြီး ဆေးဖက်ဝင်ကြသည်။ ပင်လယ်အောက်ခြေတွင် တွင်းတူးနေထိုင်သော ငါး၊ အရိုးမာငါးတချို့နှင့် အရိုးနုငါးများတွင် ငါးစည်ဖောင်းများ မပါရှိကြပါ။ အရိုးနုငါး၊ ငါးမန်း၊ ငါးလိပ်ကျောက်များတွင်လည်း လေစည်ဖောင်းမပါရှိကြဘဲ ၎င်းတို့၏ အသည်းတွင်ရှိသော အဆီသိုလှောင်မှုသည်ကိုယ်ထည်ပေါ့ပါးပြီး ရေအနက်တွင် ထိန်းညှိနိုင်ကာ ရေပေါ်ပေါ်စေနိုင်သည်။ သို့သော် ငါးအများစုသည် ငါးစည်ဖောင်းပါရှိခြင်းကြောင့် ရေမျက်နှာပြင်မှ နက်ရှိုင်းသော ရေအောက်လွှာထိ ကိုယ်ထည်ကို ထိန်းညှိကာ သွားလာနိုင်ကြသည်။

Drums and Croakers ဟုအမည်တွင်သော ငါးပုတ်သင်၊ ငါးပြေက်အုပ်စုဝင်ငါးများသည် လေစည်ဖောင်းမှ အသံထုတ်ကာ မျိုးတူငါးများအချင်းချင်း ဆက်သွယ်သွားလာကြသည်။ ငါးစည်ဖောင်းသည် အရိုးမာငါးများကို ရေပေါ်တွင်ပေါ်စေရန်အတွက် ထိန်းချုပ်ပေးခြင်းကို အဓိကဆောင်ရွက်ပေးသည်။ ထို့ပြင် ငါးအများစုသည် လေစည်ဖောင်းသွားရမည့် ရေအတိမ်အနက်ကို ဆုံးဖြတ်ကာ အသံကိုထုတ်လွှတ်ခြင်း၊ အသံကိုပြန်ကြားစေခြင်းဖြင့် အကြားအာရုံနှင့် ဆက်နွယ်ပေးကာ သွားလိုရာကိုဆောင်ရွက်ပေးသည်။ စည်ဖောင်းပါငါးများတွင် စည်ဖောင်းအရွယ်အစားမှာ ရေချိုငါးတွင် ခန္ဓာကိုယ်ထည်၏ ငါးရာခိုင်နှုန်းပမာဏရှိပြီး ရေငန်ငါးတွင် ခုနစ်ရာခိုင်နှုန်းရှိကြသည်။ အချို့ငါးများတွင် ၎င်းထက်ပိုကြီးကြသည်။ စည်ဖောင်းပါရှိသောငါးများတွင် ကသမြင်ငါး၏ စည်ဖောင်းသည် အလွန်တန်ဖိုးကြီးလှသည်။ ကသမြင်ငါးသည်လည်း ရှားပါးငါးမျိုးစိတ်ဖြစ်ပြီး ငါး၏ အကောင်အရွယ်အစားသည် ခြောက်ပေခွဲခန့်မျှကြီးထွားနိုင်ကာ အလေးချိန်အားဖြင့် ကီလိုဂရမ် ၁၀၀ ထိ ရှိတတ်သည်။ အရောင်မှာ ရွှေရောင်၊ ငွေရောင် နှစ်မျိုးရှိသည်ဟုသိရပြီး ရွှေရောင်မှာ ဈေးပိုရသည်။ ထူးခြားမှုမှာ ကသမြင်ငါးကို ကံကောင်းသူများကသာ ရမိတတ်သည်။ တကူးတက ရှာဖွေဖမ်းဆီး၍ မရတတ်သလို ကံစပ်မှသာရမိကြသည်ဟု သိရသည်။

ထို့ကြောင့် ကသမြင်ငါးကို Lucky ငါးဟု ခေါ်ကြသည်။ ကသမြင်ငါးမှာ ပိုက်တွင်ဖမ်းမိသည်နှင့် တစ်ပြိုင်နက် သေဆုံးကုန်သည်သာများပြီး အရှင်မိရန် အလွန်နည်းပါးလှသည်ဟုဆိုသည်။ ထိုငါးကို ရသော ရေလုပ်သားများမှာလည်း ထီဆုကြီးပေါက်သကဲ့သို့ ပျော်ရွှင်ကြရသည်။ ကသမြင်ငါးကို ဖမ်းမိလျှင် စည်ဖောင်းအနေအထားကိုသိရှိရန် ဝမ်းဗိုက်ကို လက်ဖြင့်စမ်းပြီး စည်ဖောင်းအထူအပါးကို ခန့်မှန်းပြီး ဈေးပေးကြသည်။ အထီးစည်ဖောင်းသည် ရှည်မျောမျောဖြစ်ပြီး အမစည်ဖောင်းသည် ဝိုင်းသည်ဟုဆိုကြသည်။ အထီးစည်ဖောင်းသည် အလယ်တွင်ထူပြီး ဘေးပတ်လည်သည် ပါးသည်။ အမစည်ဖောင်းသည် တစ်ချပ်လုံးပါးသည်။ ကသမြင်ငါးအထီး၏စည်ဖောင်းသည် အသားထူသဖြင့် အမထက်ဈေးပိုရသည်။ ဥပမာ- ငါးတစ်ကောင်ပိဿာ ၂၀ ရှိလျှင် စည်ဖောင်း ခန့်မှန်းခြေ ၂၀ ကျပ်သားခန့်ရှိနိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

ကသမြင်ငါးစည်ဖောင်းအခြောက်ကို နေရောင်တွင်ထောင်ကြည့်လိုက်လျှင် ရွှေရောင်လဲ့လဲ့၊ ငွေရောင်အမှုန်လေးများကို မြင်တွေ့ရသည်။ အချို့ရေလုပ်သားများသည် စည်ဖောင်းကို နေမလှန်းကြသည်မှာ အလေးချိန်စီးအောင်ဖြစ်သည်။ စည်ဖောင်းတွင် သွေးစွန်းရာ၊ ပွန်းပဲ့ရာ၊ စည်ဖောင်းအတံရှည်ထိပ်ပိုင်းလေးပဲ့နေပါက ဈေးကောင်းမရကြပေ။ ထို့ကြောင့် ယခုနောက်ပိုင်း၌ အကောင်လိုက် ရောင်းကြခြင်းဖြစ်သည်။ စည်ဖောင်းအရောင်လှလေ ဈေးကောင်းရလေဖြစ်သည်။ ကသမြင်ငါးစည်ဖောင်းသည် ကျန်းမာရေးမကောင်းသူများအတွက် အင်အားပြည့်ဖြိုးစေသည်။ နှလုံးကိုလည်း အကျိုးပြုစေသည်။ တရုတ်လူမျိုးများ ဆေးဝါးဖော်စပ်ရာ၌အသုံးပြုကြပြီး အလွန်အဖိုးတန်လှသည်။ ထို့ပြင် တန်ဖိုးကြီးရေမွှေးများထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။ ကသမြင်ငါး၏အသားသည် ကြမ်းသည်ထင်ရသော်လည်း အရသာရှိသော ငါးတစ်မျိုးဖြစ်သည်။ အသားသည် နူးညံ့၍ အရေခွံမှာစား၍ကောင်းသည်ဟု ဆိုကြသည်။ ထို့ကြောင့် ကသမြင်ငါးသည် အသားရော စည်ဖောင်းပါအသုံးဝင်လှသော တန်ဖိုးကြီးရှားပါးငါးဖြစ်သည်။

သော စည်ဖောင်းများဖြစ်သောကြောင့် ငါးစည်ဖောင်းသုပ်ကိုစားရာတွင် အရသာထူးလှသော ပင်လယ်စာ ဟင်းလျာတစ်မျိုးဖြစ်ပေသည်။

ငါးခြောက်လုပ်ရန်အတွက် ငါးကိုခွဲသောအခါ ငါးစည်ဖောင်းများကို သီးခြားဖယ်ထားပြီး နေလှန်းကာ ခြောက်သွေ့ပါက နှစ်ပေါက်အောင် သိမ်းဆည်းစုဆောင်းထားပြီးနောက် ဈေးကောင်းကောင်းဖြင့် ပြန်လည်ရောင်းချကြသည်။ ငါးစည်ဖောင်းကို မြန်မာလူမျိုးတို့က အများအားဖြင့် သုပ်စားကြသဖြင့် ပြုလုပ်နည်းလေးကို ဖော်ပြပေးပါမည်။

ငါးစည်ဖောင်းသုပ်ပြုလုပ်ရာတွင် ငါးစည်ဖောင်းခြောက်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆီအနည်းငယ်၊ ငံပြာရည်၊ ပဲမှုန့်၊ ငရုတ်သီးစိမ်း၊ ရှောက်ရွက်၊ နံနံပင်၊ သံပရာသီးတို့ လိုအပ်သည်။ ပထမဦးစွာ ငါးစည်ဖောင်းခြောက် နို့ဆီဘူးတစ်လုံးစာကို ဒယ်အိုးတွင် မီးအေးအေးဖြင့် ကျက်အောင်လှော်ရမည်။ ပြီးနောက် လှော်ထားသော စည်ဖောင်းကို ပွလာအောင် ၁၀ မိနစ်ခန့် ရေစိမ်ထားရမည်။ ရေစိမ်ပြီးနောက် ရေစစ်ပြီးပါက စည်ဖောင်းများကို ကတ်ကြေးဖြင့် အနေတော်အချောင်းလေးများ ဖြတ်ရမည်။ ထို့နောက် လှီးဖြတ်ထားသော စည်ဖောင်းခြောက်ကို ဆီအနည်းငယ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီပါးပါးလှီး၊ ပဲမှုန့်၊ ငံပြာရည်၊ သံပရာရည်၊ ငရုတ်သီးစိမ်းတို့ဖြင့် ရောနယ်ပြီး ရှောက်ရွက်နှင့်နံနံပင်လေးဖြူးပြီးလျှင် သုံးဆောင်၍ရပါပြီ။ ရှောက်ရွက်နံ့လေးသင်းနေပြီး သံပရာရည် ညှစ်ထားသော ငါးစည်ဖောင်းသုပ်မှာ အရသာထူးလှသောကြောင့် စားဖူးသူတိုင်း နှစ်သက်ကြသော ပင်လယ်စာတစ်မျိုးဖြစ်ပေသည်။

**❖ ငါးစည်ဖောင်းကို ပင်လယ်ပိုင်းဒေသနှင့်ဆက်စပ်နေသော ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် အစရှိသည့်နေရာဒေသများတွင်သာ တွေ့ရများသည်။ ငါးစည်ဖောင်းသည် အရိုးမာငါးအုပ်စုတွင် အများစုပါရှိကြပြီး စည်ဖောင်း အရွယ်အစားနှင့် ငါးအမျိုးအစားအလိုက် တန်ဖိုးကြီးမြင့်ကြသည်။ ငါးစည်ဖောင်းမှန်သမျှဈေးကောင်းပြီး ဆေးဖက်ဝင်ကြသည်။ ငါးစည်ဖောင်းများတွင် ငါးပုတ်သင်အုပ်စုဝင်ဖြစ်သည့် ကသမြင်ငါးမှ ရသော ကသမြင်ငါးစည်ဖောင်းမှာ သိန်းရာချီအဖိုးတန်ပြီး ဆေးဖက်ဝင်ကြသည်။ ❖**

**ငါးစည်ဖောင်းစားဖွယ်ရာနှင့်ဆေးဖက်ဝင်ပုံ**

ငါးစည်ဖောင်းပါသော စားသောက်ကုန်များသည် အသားဓာတ်ကြွယ်ဝစွာ ပါရှိကြသည်။ ငါးစည်ဖောင်းကို ရေဒဏ်တောင့်တင်းစွာခံနိုင်သော ကော်အဖြစ်လည်း အသုံးပြု၍ရသည်။

တရုတ်လူမျိုးများသည် ငါးစည်ဖောင်းကို စွပ်ပြုတ်အဖြစ် စားသုံးကြပြီး ဟင်းသီးဟင်းရွက်နှင့်ရောကာ စည်ဖောင်းနှပ်၊ စည်ဖောင်းကြော်၊ စည်ဖောင်းသုပ်ဟူ၍လည်း ပြုလုပ်စားကြသည်။ မြန်မာနိုင်ငံတွင်လည်း ပင်လယ်ပိုင်းဒေသများ၌ အလှူအတန်းပြုလုပ်ပါက ငါးစည်ဖောင်းသုပ်ကို ကျွေးမွေးလေ့ရှိကြသည်။ ငါးရောင်၊ ငါးထွေအစရှိသည့် ငါးမျိုးစိတ်များမှ ရရှိ

ငါးစည်ဖောင်းကိုစားသုံးခြင်းဖြင့် အရွယ်တင်နုပျိုစေပြီး နှလုံးနှင့်သက်ဆိုင်သော ရောဂါများအတွက် အကျိုးပြုကာ သက်ကြီးရွယ်အိုများနှင့်ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း သင့်တော်သည်ဟုမှတ်သားရဖူးသည်။ ထို့ကြောင့် စာဖတ်သူများ ဗဟုသုတရရှိစေရန်အလို့ငှာ တန်ဖိုးကြီးရှားပါး ကသမြင်ငါးနှင့် ဆေးဖက်ဝင် ငါးစည်ဖောင်းများအကြောင်းကို လေ့လာရေးသားလိုက်ရပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၃)**
- **Fish Base of Myanmar**

## တန့်ယန်းမြို့နယ် နောင်ခမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တန့်ယန်းမြို့နယ် နောင်ခမ်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ နောင်ခမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

တန့်ယန်းမြို့နယ် နောင်ခမ်းကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇၅၅ သန်း ဖြင့် Golden Dream Pioneer ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နီလာ**

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ငါးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်



**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ အွန်လိုင်းပန်းချီပြပွဲကို စက်တင်ဘာ ၁၈ ရက်မှ စက်တင်ဘာ ၂၂ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ ပြပွဲတွင် ပန်းချီ ခင်မောင်ရင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ ကျော်မင်းဟန်၊ ပန်းချီ ဌေးအောင်၊ ပန်းချီ မိုးကျော်တို့၏ လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၅၀ ကို ပြသသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

“ဝါရင့် ပန်းချီဆရာတွေရဲ့ လက်ရာစုံပန်းချီကား ၅၀ ကို ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပန်းချီ တင်လှဝင်းထင်ရဲ့နောက်ဆုံးလက်ရာ ပန်းချီကားတွေလဲပါမှာဖြစ်သလို ပန်းချီ ဌေးအောင်၊ ပန်းချီ ခင်မောင်ရင်တို့လို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲပါမှာဖြစ်ပါတယ်”ဟု ရွှေမြန်မာပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ်ငါးသိန်းမှ ငွေကျပ် သိန်း ၄၀ ထိ ရှိကြောင်း သိရသည်။

ASH

# Barbie မင်းသား ရိုင်ယန်ဂိုးစလင်းကို အော်စကာဆုအတွက် အမည်စာရင်းပေးသွင်းဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၁၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Barbie ဇာတ်ကားမှ မင်းသား ရိုင်ယန်ဂိုးစလင်းကို လာမည့်နှစ် အော်စကာဆုပေးပွဲ၏ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုအတွက် အမည်စာရင်းပေးသွင်းဖွယ်ရှိကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Barbie ဇာတ်ကားသည် အစစ်အမှန်လောကထဲဝင်ရောက်၍ ဘဝအတွေ့အကြုံရှာဖွေခဲ့သည့် Barbie နှင့် Ken အရုပ်နှစ်ရုပ်အကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားပြီး အဆိုပါဇာတ်ကားတွင် ကနေဒါမင်းသား ရိုင်ယန်ဂိုးစလင်းက ၁၉၉၈ ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ရိုင်ယန်ဂိုးစလင်းနှင့်အတူ Barbie ဇာတ်ကား၌ Barbie အဖြစ် သရုပ်ဆောင်ခဲ့သူ ဩစတြေးလျမင်းသမီး မားဂေါ့ရော့ဘီကိုလည်း လာမည့်နှစ် အော်စကာဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုအတွက် အမည်စာရင်းပေးသွင်းဖွယ်ရှိသည်။

Barbie ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးပေးထားကြောင်း လက်ရှိ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**




# (၇၂) ကြိမ်မြောက် Miss Universe 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် အမရာဘို ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

(၇၂) ကြိမ်မြောက် Miss Universe 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအလှမယ် Miss Universe Myanmar 2023 Winner ဆုရ အလှမယ် အမရာဘို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အလှမယ် အမရာဘိုက ပြောပြ၍ သိရသည်။

Miss Universe Myanmar 2023 Winner ဆုရှင် အလှမယ် အမရာဘိုသည် ယခုနှစ် နိုဝင်ဘာလအတွင်း El Salvador အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် ကျင်းပမည့် (၇၂) ကြိမ်မြောက်Miss Universe 2023 ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များနှင့်အတူ မြန်မာနိုင်ငံ ကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

“အမရာအနေနဲ့ အမရာ သိပ်ဖြစ်ချင်တဲ့ Miss Universe Myan- mar ဖြစ်ခဲ့ရပါပြီ။ ဒီအတွက်လဲ ဂုဏ်ယူဝမ်းသာမိပါတယ်။ ဒီဆုက ဒုတိယရင်ခုန်မှုပါပဲ။ ဘာလို့လဲဆိုတော့ အမရာ တက္ကသိုလ်တက်ချိန်မှာ မိဘတက်စေချင်တဲ့ကျောင်းမှာ ဘွဲ့ရအောင်ယူပေးနိုင်ခဲ့တယ်။ အခုလဲ အမရာ့ဘဝမှာ ဒုတိယမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့တာပါ။ လာမဲ့ Miss Universe 2023 ပြိုင်ပွဲကြီးမှာ အကောင်းဆုံးယှဉ်ပြိုင်မှာပါ”ဟု အလှမယ် အမရာဘိုက ပြောပြသည်။



အလှမယ် အမရာဘိုသည် စက်တင်ဘာ ၁၄ ရက်က ကျင်းပသည့် (၁၀) ကြိမ်မြောက် Miss Universe Myanmar 2023 Grand Final ပြိုင်ပွဲတွင် Miss Universe Myanmar 2023 Winner ဆုအပြင် Title ဆုအနေဖြင့် Miss Glamorous By Treasure Z ဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ ASH

# Jawan ဇာတ်ကား ဘောလိဝုဒ်ရုပ်ရှင်လောက၌ ပထမသီတင်းပတ်ဝင်ငွေအကောင်းဆုံးဖြစ်လာ

**နယူးယောက် စက်တင်ဘာ ၁၆**

မင်းသား ရှရွတ်ခန်း၏ Jawan ဇာတ်ကားသည် အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောကသမိုင်း၌ ပထမသီတင်းပတ်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း မီဒီယာများ၏အဆိုအရ သိရသည်။

Jawan ဇာတ်ကားသည် စတင်ရုံတင်ပြီး ခုနစ်ရက်ကြာ စက်တင်ဘာ ၁၅ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ထိရှိခဲ့ကြောင်း သိရသည်။


အထက်ပါဝင်ငွေပမာဏအနက် အမေရိကန်ဒေါ်လာ ၄၅ သန်းကို အိန္ဒိယရုပ်ရှင်ဈေးကွက်မှရရှိထားပြီး Jawan ဇာတ်ကားသည် မကြာမီကာလအတွင်း အိန္ဒိယရုပ်ရှင်လောက၏ဝင်ငွေအကောင်းဆုံး ဟင်ဒီဘာသာစကားပြောဇာတ်ကားလည်း ဖြစ်လာနိုင်ကြောင်း သိရသည်။

Jawan ဇာတ်ကားသည် ယခုနှစ် ဇန်နဝါရီလအတွင်း ရုံတင်ခဲ့သည့် Pathaan ဇာတ်ကားကို ကျော်ဖြတ်၍ ဘောလိဝုဒ်ရုပ်ရှင်လောက၏ ပထမသီတင်းပတ်ဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်လာခဲ့ခြင်းဖြစ်သည်။

Jawan ဇာတ်ကားကို နာမည်ကျော် အိန္ဒိယဒါရိုက်တာ အက်တလီကူးမားက ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၇ ရက်က စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

**Ref : Screen Rant**

**Trs : KKO**




# ချစ်လှစွာသော ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

ချစ်လှစွာသော ရုပ်သံဇာတ်လမ်းတွဲမိတ်ဆက်ပွဲကို စက်တင်ဘာ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်က ပြောပြ၍ သိရသည်။

ချစ်လှစွာသော ရုပ်သံဇာတ်လမ်းတွဲကို (၆၇) ကြိမ်မြောက် ဖိလစ်ပိုင်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ရိုက်ကူးထားခြင်းဖြစ်ပြီး ၎င်းရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၁၉ ရက်မှ၍ MRTV-4 ရုပ်သံလိုင်းမှ ည ၇ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကောင်လေးက ခက်ခဲတဲ့ဇာတ်ရုပ်ပါ။ မမို့ကို ကမ်းလှမ်းပေးခဲ့တဲ့ MRTV-4 က တာဝန်ရှိသူတွေနဲ့အတူ ဒီနေရာက မမို့နဲ့မှ ဖြစ်မယ်ဆိုပြီး ကမ်းလှမ်းခဲ့တဲ့ မအိကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီဇာတ်ကား ရိုက်ကူးနေရင်း ကိုဗစ်ဖြစ်သွားလို့ ရိုက်ကူးရက်တွေ ကြာခဲ့တယ်။ ဒါပေမဲ့ မမို့ရဲ့ဇာတ်ကောင်ဖြစ်တဲ့ မာန်မာနပြင်းတဲ့ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါ်မြတ်သုခမောင်အဖြစ် တစ်စက်မှ မလျှော့အောင် ရိုက်ကူးခဲ့ပါတယ်” သရုပ်ဆောင် မို့မို့မြင့်အောင်က ပြောပြသည်။

ချစ်လှစွာသော ရုပ်သံဇာတ်လမ်းတွဲသည် ဖိလစ်ပိုင်ရုပ်ရှင်ဇာတ်လမ်းတွဲတစ်ခု၏ဇာတ်လမ်းကို တရားဝင်ဝယ်ယူပြီး ဇာတ်ညွှန်း မယ်မင်းဘုံ၊ ဟေမာစန်း၊ ယမင်းဖြိုးဝေတို့က ရေးသားထားကြောင်း၊ အပိုင်း (၇၈) ပိုင်းပါဝင်ပြီး ၂၀၁၉ ခုနှစ် ကတည်းကအချိန်ယူကာ ဒါရိုက်တာ အိအိခိုင်က ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မို့မို့မြင့်အောင်၊ စည်သူဝင်း၊ ဝင့်ယမုံနိုင်၊ မေဆူးမောင်၊ လင်းမြတ်၊ ချူးချူးဈာန်၊ ရွှေစင်ဝင့်ရှိန်၊ ဆုဝတီ၊ သံစဉ်ဆည်းဆာ၊ ညီနန္ဒ၊ ဇင်မျိုး၊ စိုးမိုးကြည်၊ ကောင်းမြတ်၊ ဂွမ်းပုံကြီး၊ ဖြိုးရာဇာနိုင်၊ မာန်ဟိန်း၊ ဟန်ထက်ဈာန်၊ ဇေရ၊ ဆက်ရန်နိုင်၊ ကလေးသရုပ်ဆောင် မြတ်မှူးဝတီကျော်၊ ဘုန်းမြင့်မြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends diamond jubilee of MNA; honours persons of successive eras for their contributions for the existence of MNA till diamond jubilee, former staff and in-service staff of MNA






Senior General Min Aung Hlaing addresses the diamond jubilee of Myanmar National Airlines.

**Nay Pyi Taw September 16**

Myanmar National Airlines (MNA) of the Ministry of Transport and Communications held its diamond jubilee at Melia Hotel in Bahan Township, Yangon this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present together with the Senior General were SAC members General Mya Tun Oo, Admiral Tin Aung San, union level officials, union ministers, the Yangon Region chief minister, the chief of General Staff (Army, Navy and Air), senior military officers from Office of Commander-in-Chief, the Yangon Command commander, deputy ministers, officers and staff of MNA, officials and honoured guests.

The Senior General and party were welcomed by SAC member Deputy Prime Minister and Minister for Transport and Communications General Mya Tun Oo and MNA officials.

After the ceremony was formally opened with LED Animation, the Senior General delivered an honorary address. He said when it comes to commercial air services UBA and BAC will be the first to appear in the people's mind. UBA and BAC that were established after the country regained independence left behind milestones in the history of domestic and regional air services. Hence, they are honorable and are always in the hearts of people. A successful air transport system needs efficiency of flight crew and also good airports and airport services. The State is upgrading and extending runways, promoting airport services to the most possible degree. Moreover, excellent performance of airport staff is also a requisite.

Air transport is an important sector for national development. Although the cost is high, air transport cuts travelling time and ensures greater business effectiveness. Hence, serious attention should be paid to it.

MNA was established as Union of Burma Airways (UBA) on 15 September 1948 after the independence was restored. It became Burma Airways Corporation (BAC) in 1972, Myanmar Airways (MA) in 1989, and Myanmar National Airlines (MNA) in 2015. It is running local and foreign flights.

MNA should maintain its fine tradition and history of dutifully shouldering the tasks assigned to it by the State throughout the success eras in the interest of the nation and people. As it is providing swift transport services for health, social, education and economic matters of the remote places and air services with neighbouring and regional countries, MNA should strive to develop the air transport sector.

MNA is extending regular schedule flights to foreign countries such as Thailand, Singapore, China, South Korea and India and chartered flights for Bodh Gaya pilgrimage tours. The Senior General wished MNA a success in its soon-to-be started cargo transport services.

Global economy experienced a drop after the end of 2019 due to life-threatening Covid-19 pandemic, and the air transport was also hit hard. It has recovered now and is extending new flights because of the benefits it gained. Hence, MNA should work with global outlook. Air transport business has regained strength in the post Covid-19 period, and MNA should prioritize its market research programs. It should be adaptable to changes in increasing the strength of its fleet and number of flights and extending its air services based on the demand for passenger and cargo flights. If MNA can extend cargo flights it will help boost the country's imports and exports and will contribute to national economic growth in a way.

All the staff including the supervisors need to work in unity by regarding it as their own business. Then, success will be achieved and the airline will be able to run for a long time.

As every air passenger is willing to reach their destination in a short time, focus must be placed on ensuring correct and timely schedules. Then, it will be convenient for the passengers for their connecting flights. With correct and timely flight schedules, MNA will win the trust and reliance of both local and foreign air passengers. As such, it will be the best choice for passengers in competing with other airlines.

A safe and secure flight is crucial for passengers, so it is necessary to exactly follow the rules and regulations and SoPs adopted by the Department of Civil Aviation.

The former and current staff as well as those who have strived for the long-term existence See page 13






Senior General Min Aung Hlaing watches the entertainment programme.



Senior General Min Aung Hlaing presents a bouquet to the vocalists and performers.

**From page 12**

of the MNA until its diamond jubilee deserve praise. Therefore, all the staff including management executives and other leaders from various sectors are urged to make energetic and concerted efforts for the long-term development of the airline. Then, the Senior General expressed his wishes for the success of the MNA.

Next, SAC member Deputy Prime Minister Union Minister for Transport and Communications General Mya Tun Oo explained the emergence and evolution of MNA, its dutiful performances by leading the country's aviation sector, providing of international standard services, and efforts to serve aviation duties conscientiously from its diamond jubilee till many years to come.

Then, MNA Management Committee chiar U Zin Yaw reported on the evolution of the airline and expressed thanks to the Senior General and all the officials for the State support for the development of the MNA's transport sector.

Afterwards, the Senior General posed for a documentary photo together with those present.

Then, an entertainment programme followed in which the MNA flight attendants wearing fashion uniforms of the four successive ages of the MNA performed commemorative songs. A video clip of the MNA diamond jubilee was shown.

Next, the Senior General and party enjoyed the performances staged by the country's famous vocalists and the Myanmar cultural troupe to the accompaniment of the State Orchestra.



Senior General Min Aung Hlaing views the documentary photos of MNA.

After the entertainment programme, the Senior General presented bouquets to the vocalists and performers.

Afterwards, U Zin Yaw presented a commemorative gift to the Senior General.

Later, the Senior General and those in attendance interestingly viewed the commemorative booth where they conducted round by officials. Then, the Senior General gave his signature to the guest book. 100

# Myanmar exports over 68,000 tons of corn worth over US$19 m to China, Thailand and the Philippines in August


Newly harvested corn strewn on the ground.

**Nay Pyi Taw September 16**

More than 68,000 tons of corn worth more than US$19 million was exported to China, Thailand, and the Philippines in August, according to reports from the Ministry of Commerce.

The corn grown in Myanmar was exported to customer market countries such as Vietnam, Bangladesh, Thailand, China, the Philippines, Singapore, and Japan.

Myanmar exported corn to Thailand through both sea trade route and border trade route, to China through the border trade route and to the Philippines via sea trade route.

In August, Myanmar exported 17,250 tons of corn to Thailand and 3,136 tons of corn to the Philippines through the sea trade routes. Myanmar exported 37,654 tons of corn to China and 9,987 tons to Thailand through border trade routes.

Thailand has reduced the tax collection rate for corn to zero percent from February to the end of August and 72 percent in the period from September to the end of January. As a result, the export of maize to Thailand has decreased significantly. 336

# Kachin sees the potential export of cardamom to China as a new product

**Myitkyina September 16**

There is a potential to become a new name for the exports of Kachin State's cardamom trees, according to reports of the Myanmar Trade Promotion Organization on September 23.

Cardamom trees are natural plants that grow naturally in the mountainous areas of Kachin State. Cardamom trees are plants that usually grow in the marshy soil of Kachin State.

Although it is said to be a common plant in Kachin State, cardamom is widely used as a medicine and spice in China.

Therefore, the local tribes in Kachin State used the cardamom as a spice, and it became a local market product.

In the Chinese market, 1 ton of cardamom is priced at 5,000 yuan in Chinese currency.

Although cardamom is being exported to China, it is being sold illegally.

Currently, Kachin State can produce approximately 15,000 tons of cardamom per year. Currently, only 1 viss of cardamom is priced at 15,000 kyats in local markets. 336

# Ayeyawady plans more and more rice cultivation every year

**Maubin September 16**

More and more rice cultivation activities are being carried out in the Ayeyawady Region, according to reports released from the Department of Consumer Affairs in Maubin District on September 14.

The Ayeyawady Region is the region where the most rice is grown in Myanmar. Although it is growing the rice mostly, summer paddy and rain-fed paddy are cultivated only once in a season.

Therefore, rain-fed paddy is also cultivated only once during the rainy season. When rain-fed rice is grown, the farmlands in the deep water fields are not suitable for rice cultivation.

GW11, Sin Thukha, Manaw Thukha and Pyitaw Yin rice varieties with maturity of more than 100 days, were experimentally planted in deep water fields and harvested using technology that can be easily harvested with a thresher, and they were able to do so successfully.

As some villages and surrounding areas in Maubin District are deep water fields, there are many difficulties in growing rice during the rainy season, so they are trying hard to grow rice for one season. 336


A rice plantation.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန် ဂျာမနီလေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် အက်စ်တိုးနီးယားနှင့် လတ်ဗီးယားလက်မှတ်ရေးထိုး



အက်စ်တိုးနီးယားနှင့် လတ်ဗီးယားတို့သည် ဂျာမနီနိုင်ငံ Diehl ထံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ပူးတွဲသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း စက်တင်ဘာ ၁၁ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အက်စ်တိုးနီးယားနှင့် လတ်ဗီးယားနှစ်နိုင်ငံသည် ပြီးခဲ့သောနှစ်တွင်စတင်ခဲ့သည့် ဂျာမနီ၏ European Sky Shield Initiative (ESSI)တွင်ပါဝင်ရန် ရည်ရွယ်ချက်ပေးစာအပေါ် လက်မှတ်ရေးထိုးခဲ့ကြောင်း ဂျာမနီနိုင်ငံက ပြောကြားခဲ့သည်။

"ဒါဟာ အက်စ်တိုးနီးယားနိုင်ငံသမိုင်းမှာ အကြီးမားဆုံး ခံစစ်ပြင်ဆင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပါပဲ။ လတ်ဗီးယားနဲ့ အတူတူ သူတို့ရဲ့ကုမ္ပဏီအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံလောက်ဟာ နေ့စဉ်နဲ့အမျှ တစ်ခါမှမကြုံဖူးတဲ့ တန်ဖိုးပါပဲ"ဟု အက်စ်တိုးနီးယား ကာကွယ်ရေးဝန်ကြီး Hanno Pevkur က သတင်းထောက်များကို ပြောကြားခဲ့သည်။

ယူကရိန်းတွင် ရုရှား၏အထူးစစ်ဆင်ရေးသည် လေကြောင်းတိုက်ခိုက်မှုများမှ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန် လေကြောင်းရန်ကာကွယ်ရေးသည် အရေးကြီးကြောင်း ပြသခဲ့သည်ဟု ၎င်းကကြေညာချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်မှတ်ရေးထိုးပွဲကို ဂျာမနီတောင်ပိုင်း Nuremberg မြို့အနီး Rothenbach မြို့ငယ်လေးရှိ Diehl Defense Development Center ဌာနချုပ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျာမနီ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော အက်စ်တိုးနီးယားနှင့် လတ်ဗီးယားတို့က IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် အလွန်ဝမ်းသာသည်။ သို့မှသာ ဥရောပလေကြောင်းရန်ကာကွယ်ရေးကို သံသယကင်းကင်းဖြင့် ခိုင်မာအားကောင်းလာစေမည်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ပြောကြားခဲ့သည်။

လက်မှတ်ရေးထိုးခဲ့သည့် ရည်ရွယ်ချက်သည် ကျွန်ုပ်တို့၏ ESSI ပဏာမခြေလှမ်းအောက်တွင် IRIS-T SLM ဝယ်ယူရေး ကြိုးပမ်းမှုများကို ရှေ့ဆက်ဆောင်ရွက်လာနိုင်စေမည်ဖြစ်ပြီး လေးစားအသိအမှတ်ပြုပါသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂျာမနီနိုင်ငံက ဦးဆောင်ပြီး ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ ဖင်လန်၊ ဟန်ဂေရီ၊ နယ်သာလန်နှင့် ဆွီဒင်တို့အပါအဝင် ဥရောပနိုင်ငံ ၁၉ နိုင်ငံသည် ESSI စီမံကိန်းအောက်တွင် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးအတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

Sky Shield စနစ်တွင် ဂျာမနီထုတ် IRIS-T SLM၊ အမေရိကန်ထုတ် Patriotနှင့် အမေရိကန်-အစ္စရေးထုတ် Arrow-3 လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးလက်နက်စနစ်များအပါအဝင် တာတို၊ တာလတ်နှင့် တာဝေးပစ်စနစ်များအတွက် ပူးတွဲဝယ်ယူရေးများ ပါဝင်မည်ဖြစ်သည်။

သို့သော် ပြင်သစ်၊ အီတလီနှင့် ပိုလန်တို့သည် အဆိုပါစီမံကိန်းတွင် လက်မှတ်ရေးထိုးထားခြင်းမရှိပေ။ ၎င်းအစားဥရောပထုတ် စစ်လက်နက်ပစ္စည်းကိရိယာများကိုအသုံးပြု၍ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တည်ဆောက်သင့်သည်ဟု ပြင်သစ်နိုင်ငံက ပြောကြားခဲ့သည်။

**Estonia, Latvia Acquire $1.1-Billion German Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်လေတပ်က KC-135 ဆီဖြည့်လေယာဉ်မှ ဒရုန်းအုပ်များပစ်လွှတ်နိုင်ရေး နည်းလမ်းရှာဖွေ

အမေရိကန်လေတပ် လေကြောင်းလှုပ်ရှားတပ်ဖွဲ့ဌာနချုပ် (Air Mobility Command - AMC) သည် KC-135 ဝေဟင်ဆီဖြည့်လေယာဉ်မှ ဒရုန်းအုပ်များကိုပစ်လွှတ်နိုင်မည့် အခြေအနေတစ်ရပ် နည်းလမ်းရှာဖွေနေကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် ပေါက်ကြားခဲ့သည့် လျှို့ဝှက်စာရွက်စာတမ်းများထဲမှ ပထမဆုံးထွက်ပေါ်လာသည့် အဆိုပါလှုပ်ရှားမှုသည် တရုတ်နှင့်ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခအတွက်ပြင်ဆင်ရန် အမေရိကန်၏ မဟာဗျူဟာများထဲမှ တစ်ခုဖြစ်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအယူအဆမှာ Boeing ထုတ်စစ်လေယာဉ်မှ စီးပွားဖြစ်သုံး ဒရုန်းအစင်း ၁၀၀ ထိလွှတ်တင်သွားနိုင်ရန်ဖြစ်ကြောင်း၊ ၎င်းဒရုန်းများသည် ဝေဟင်တိုက်ခိုက်ရေးမစ်ရှင်များကို ပံ့ပိုးရန်အတွက် လှည့်စားမှုများ သို့မဟုတ် အဝေးထိန်းအာရုံခံကိရိယာများအဖြစ် လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း AMC တပ်ဖွဲ့အရာရှိချုပ် ဗိုလ်ချုပ်ကြီး Mike Minihan၏ပြောကြားချက်အရ သိရသည်။

"အခုထိတော့ လုပ်ဆောင်နေတုန်းပဲရှိပါသေးတယ်။ ဒါကိုအောင်မြင်မယ်လို့ ထင်တယ်"ဟု ၎င်းက The War Zone သို့ ပြောကြားခဲ့သည်။

"AMC မှာ ကျွန်တော်ရှိနေစဉ်အတွင်းမှာပဲ ဒါဟာ ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမဲ့ ဒရုန်းတွေလွှတ်တင်၊ ပျံသန်းလုပ်ဆောင်နိုင်မှုကနေ မှတ်တမ်းတင်၊ ချိတ်ဆက်လုပ်ဆောင်နိုင်ဖို့ထိဆိုတာကတော့ စိန်ခေါ်မှုပိုဖြစ်နိုင်ပါတယ်"ဟု Mike Minihan က ပြောကြားခဲ့သည်။

KC-135 Tanker မှလွှတ်တင်မည့် ဒရုန်းများသည် တပ်တည်နေရာချထားခြင်း၊ လမ်းပြခြင်းနှင့် အချိန်ကိုက်တိုက်ပွဲဝင်နိုင်ခြင်းတို့ကို ထောက်ပံ့ပေးနိုင်သည်ဟု AMC တပ်ဖွဲ့အရာရှိချုပ် ဗိုလ်ချုပ်ကြီး Mike Minihan က ပြောကြားခဲ့သည်။

၎င်းတို့သည် စစ်မြေပြင်တွင် ရန်သူမှ ပစ်ချခံရသော လေယာဉ်မှူးများသို့ အသက်ကယ်အကျီများ သို့မဟုတ် အခြားအကူအညီပစ္စည်းများကို ထောက်ပံ့ပေးနိုင်လိမ့်မည်။ လေသူရဲများက လေယာဉ်ဆင်းသက်တော့မည့်ပြေးလမ်းအတိုင်း အမှန်တကယ်ပျံသန်းမှုကို တွက်ချက်ပေးနိုင်ပြီး ရန်သူတပ်ဖွဲ့များ မည်သည့်နေရာတွင် တည်ရှိနေသည်ကို ညွှန်ပြပေးနိုင်မည့် ကင်းထောက်လှမ်းရေးတာဝန်များလည်း ထမ်းဆောင်နိုင်လိမ့်မည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒရုန်းများသည် ဆက်သွယ်ရေးနှင့် ဒေတာခွဲဝေပေးသည့် Relays များအဖြစ် လုပ်ဆောင်နိုင်ပြီး တရုတ်နှင့် ရုရှားတို့၏ စွမ်းဆောင်ရည်မြင့် Jamming ပိတ်ဆို့ခြင်းနှင့် Spoofing အတုအယောင်



လုပ်နိုင်စွမ်းများကိုပါ ထည့်သွင်းစဉ်းစားနိုင်သည်။ ၎င်းအပလီကေးရှင်းများသည် စစ်ဆင်ရေးအခြေအနေတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးမစ်ရှင်များကို စစ်ကူပေးရန်အတွက် ဝေဟင်ဆီဖြည့်လေယာဉ်မှ ပစ်လွှတ်နိုင်မည့်ဒရုန်းများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်လေတပ် လေကြောင်းလှုပ်ရှားတပ်ဖွဲ့ဌာနချုပ် (AMC) သည် KC-135 ဝေဟင်ဆီဖြည့်လေယာဉ်ကို ဒရုန်းအစုအဝေးများကို ပစ်လွှတ်ရန် မည်သို့ဖွဲ့စည်းမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အမေရိကန်စစ်ဘက်နှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ခဲယမ်းများနှင့် ဒရုန်းငယ်များအတွက် ဝေဟင်ပစ်လွှတ်သည့်စနစ်ဖြစ်သည့် Common Launch Tube ဘုံပစ်လွှတ်သည့်စနစ်ကို တပ်ဆင်အသုံးပြုနိုင်ခြေရှိကြောင်း Minihan က ပြောကြားသည်။

ဆိုနာထောက်လှမ်းရေးကိရိယာများ တပ်ဆင်ပစ်လွှတ်သည့် Sonobuoy Launchers များတွင် ဒရုန်းအစင်း ၁၀၀ ထိ တပ်ဖြန့်အသုံးပြုရန် စဉ်းစားနေသည်။ လွှတ်တင်ရေးစနစ်ကို အပြီးသတ်မလုပ်ဆောင်ရသေးသော်လည်း KC-135 တွင် လောင်ချာများနှင့် ဒရုန်းများစွာကိုထားရှိရန် အပိုအခန်းကျယ်နေရာရှိကြောင်း Minihan က ပြောကြားခဲ့သည်။

**US Air Force Eyes Launching Drone Swarms From KC-135 Tanker Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက ငါးပိအစုံ ပိဿာချိန် ၁၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက ငါးပိအစုံပိဿာချိန် ၁၄၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ခိုင်ဇင်ဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ယခုနှစ် ဇူလိုင်လက ဒေသထွက် ငါးပိအစုံ ပိဿာချိန် ၉၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးပိအစုံ ပိဿာချိန် ၁၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသထွက် ငါးပိအစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့မှုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မော်လမြိုင်ကျွန်းမြို့နယ်ကနေ ထွက်ရှိတဲ့ငါးပိတွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လအတွင်းက ငါးပိအစုံ ပိဿာချိန် ၁၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးပိအသစ်တွေကို စတင်ထုတ်လုပ်နေပါတယ်။ ဩဂုတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ငါးပိတွေက လက်ကျန်ငါးပိအဟောင်းတွေဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကထွက်ရှိတဲ့ ငါးပိအစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အဝယ်လိုက်တော့ ဈေးကလဲကောင်းလာလို့ ငါးပိလုပ်ငန်းလုပ်ကိုင်သူတွေအဆင်ပြေလာပါတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ခိုင်ဇင်ဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိအစုံတွင် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပင်နော်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါငါးပိများ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ ၂၅၀၀၀ ထိ ရှိပြီး ငါးပိအမျိုးအစားအလိုက် ဈေးနှုန်း အနိမ့်၊ အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ထောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်အတွက်ရည်ရွယ်၍ ညောင်ဦးမြို့နယ် ထောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ထောက်ဝကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် ထောက်ဝကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# ညောင်ရွှေမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ကန်ကြီးဘုန်းတော်ကြီးကျောင်းအနောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ကန်ကြီးဘုန်းတော်ကြီးကျောင်းအနောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိက ကွန်ကရစ်လမ်းရေရှည် အသုံးပြုနိုင်စေရေးအတွက် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ် ကန်ကြီးဘုန်းတော်ကြီးကျောင်း အနောက်လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ပြည်သူထည့်ဝင်ငွေကျပ် ၁၁၁ သိန်းဖြင့် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် ဩဂုတ် ၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကန်ကြီးဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ၊ သီလရှင်များ ကျောင်းအဝင်၊ အထွက် သွားလာရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ပြီး ရပ်ကွက်နေပြည်သူများလည်း လူနေမှုအဆင့်အတန်း မြင့်မားလာကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြကွက်တစ်ခုချင်းအလိုက် စိတ်ဝင်တစားဖြင့် လိုက်လံကြည့်ရှုလေ့လာစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး က ရှင်းလင်းပြောကြားရာတွင် မြန်မာအမျိုးသားလေကြောင်း စတင်ဖြစ်ပေါ်ခဲ့မှုနှင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲဖွံ့စည်းခဲ့မှု၊ နိုင်ငံတော်၏ လေကြောင်းသယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍကို ဦးဆောင်ခဲ့ပြီး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့မှု၊ နိုင်ငံတကာအဆင့်မီ လေကြောင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံတော်၏ လေကြောင်းသယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲတိုးတက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာအမျိုးသားလေကြောင်း သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်က ကူညီပံ့ပိုးပေးလျက်ရှိသည့်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူများအားလုံးကို မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာအမျိုးသားလေကြောင်း (MNA)မှ လေယာဉ်မောင်မယ်များက MNA ခေတ်လေးခေတ်၏ Uniform Fashion များ ဝတ်ဆင်၍ စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုတေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ ထို့နောက် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အမှတ်တရဂုဏ်ပြု Video Clip ကို ဖွင့်လှစ်ပြသသည်။

ဆက်လက်ပြီး နိုင်ငံတော်သံစုံတီးဝိုင်း၏ တီးခတ်မှုဖြင့် နိုင်ငံကျော်တေးသံရှင်များ၏ ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများ၊ မြန်မာ့ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများစသည်တို့ဖြင့် အသီးသီး သီဆိုကပြဖျော်ဖြေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက် ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

သီဆိုကပြဖျော်ဖြေမှုများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်းမှ ပညာရှင်များ၊ မြန်မာ့ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ရာ အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြကွက်တစ်ခုချင်းအလိုက် စိတ်ဝင်တစားဖြင့် လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် (ခုတင် ၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ဦးရေ ၇၀၀ တို့က ဆေးရုံကြီးဝင်း အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များကို ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေး ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများကို အမြင်တင့်တယ်စေရေး၊ လေဝင်လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ရေသန့်၊ ကော်ဖီ၊ ဆီထမင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အတူတကွ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၅၀၀) ၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၅၀၀)၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် စုစုပေါင်း ၆၅ ဦးတို့က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၅၀၀) ရှိ သတ်မှတ်နေရာအသီးသီး၌ လိုအပ်သော ကျန်းမာရေးဆေးစစ်မှုများ ပြုလုပ်ကြပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း သွေးလှူရှင်တစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်-အာဆီယံ ဆောက်လုပ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် နန်နင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုးအိမ်နှင့် မြို့ပြ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အိမ်ရာနှင့် မြို့ပြ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ၊ ခေတ်သစ်ပိုးလမ်းကြီး (Belt and Road Initiative – BRI)နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor–CMEC) ကိုလည်း အရည်အသွေးမြင့်မြင့်မားမားဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်နင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ အိုးအိမ်နှင့် မြို့ပြ-ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ထို့နောက် China-ASEAN Ministerial Roundtable on Construction အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောကဏ္ဍတစ်ရပ်အနေဖြင့် China–Myanmar Economic Corridor (CMEC) သည် တရုတ်နိုင်ငံ၏ Belt and Road Initiative (BRI) ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံအဆောက်အအုံချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးကဏ္ဍသည် ခေတ်မီသယ်ယူပို့ဆောင်ရေးကွန်ရက်များ၊ ရေရှည်တည်တံ့သော မြို့ပြစီမံကိန်းနှင့် ခံနိုင်ရည်ရှိသောအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက်အလားအလာကို အပြည့်အဝအသုံးပြုနိုင်ရန်နှင့် ဒေသတွင်း ချိတ်ဆက်မှုတိုးမြှင့်ရန်၊ ခိုင်မာသော အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည်လည်း မရှိမဖြစ်လိုအပ်ပါကြောင်း၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် စည်းလုံးညီညွတ်စွာဖြင့် သာယာဝပြောပြီး အပြန်အလှန် အကျိုးရှိစေမည့်နည်းလမ်းကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုထိန်းသိမ်းနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အခြေခံအဆောက်အအုံများကိုတည်ဆောက်ရန် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ကြရာ၌ အာဆီယံနိုင်ငံအသီးသီး၏ အကောင်းဆုံးအလေ့အထများနှင့် နည်းပညာများကို အချင်းချင်းမျှဝေဆွေးနွေးကြခြင်းဖြင့် ယခုကျင်းပသည့် အစည်းအဝေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသည့် ဝန်ကြီးများနှင့် တာဝန်ရှိသူများက တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာမြောက်အလားအလာများ၊ အခြေခံအဆောက်အအုံစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းများ၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်း မျှဝေဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်နယ်ခန်းမ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် ဆရာ၊ ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်အဖွဲ့များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသည့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက (၂၄)ကြိမ်မြောက် ခရိုင်အဆင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ချီးမြှင့်ထောက်ပံ့ငွေများနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)နမ့်စန်ခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ပြိုင်ပွဲဝင် ၂၂ ဦးဖြင့် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။**

# စက်တင်ဘာ ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၇၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အမျိုးသား ၉၆ ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစားသမားများနှင့် အမျိုးသား ၅၅ ကီလိုတန်းပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မသတ်မှတ်စံချိန်သစ် တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ကလည်းကောင်း၊ အမျိုးသား ၁၀၂ ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား ၁၀၉ ကီလိုတန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် အားကစားသမားများနှင့် အမျိုးသား ၇၃ ကီလိုတန်းပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မ စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသမီး ၄၉ ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားများ၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားသမားနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားတို့ကို ဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး ၆၄ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား ၈၉ ကီလိုတန်းပြိုင်ပွဲတို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားများ၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မကွေးတိုင်းဒေသကြီးအသင်း၊ အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းတို့ကိုလည်းကောင်း ဆုတံဆိပ်များ၊ ဆုကြေးငွေများနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်း၊ ပြိုင်ပွဲဝင် စုစုပေါင်း ၁၇၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ တရုတ်-အာဆီယံ ပိုးလမ်းမ အီးကောမတ်စ်ဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၆**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် Crowne Plaza ဟိုတယ်၌ ကျင်းပသည့် ၂၀၂၄ တရုတ်-အာဆီယံ ပိုးလမ်းမ အီးကောမတ်စ်ဖိုရမ်သို့တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပိုးလမ်းမတစ်လျှောက် ဒေသများတွင် အီလက်ထရောနစ် စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းမှာ အလွန်အဓိပ္ပာယ်ရှိပါကြောင်း၊ ယနေ့ခေတ်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ကောင်းခိုင်မာစေရန် ဆောင်ရွက်ရာတွင် e-Commerce မှာ အလွန်အရေးပါလှပါကြောင်း၊ ဒစ်ဂျစ်တယ်ခေတ်၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်မှုများအပေါ် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊မြန်မာနိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟစနစ် ခိုင်မာအားကောင်းစေရန် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများကို ခေတ်နှင့်လျော်ညီစေရန် ဘက်စုံဒစ်ဂျစ်တယ်လမ်းပြမြေပုံကို ချမှတ်ဆောင်ရွက်နေကြောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee - DEDC) ကို ဖွဲ့စည်းထားပြီးဖြစ်ကာ မိမိကဉ္စုဒ္ဒအဖြစ် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်နှင့် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုကိုမောင်းနှင်ရန် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ်လုပ်ငန်း၊ ပညာရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ် နည်းပညာဖွံ့ဖြိုးလာစေရန် အရှိန်မြှင့်တင်ကာ ဆောင်ရွက်နေပါကြောင်း၊ ပိုးလမ်းမတွင် အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုထွန်းကားလာစေရန်ပါဝင်သည့် နိုင်ငံများက ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများပြုခြင်းနှင့် ဆန်းသစ်တီထွင်မှုများနှင့် စွန့်ဦးတီထွင် ဆောင်ရွက်မှုများပြုခြင်းတို့အပေါ် အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

အဆိုပါဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီဖေ့၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယဥက္ကဋ္ဌ မစ္စတာ မြောင်ကျင်းဝမ်နှင့် တရုတ်နှင့် အာဆီယံနိုင်ငံများမှ အီလက်ထရောနစ် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် သွေးလှူဒါန်းနေမှုများ လိုက်လံကြည့်ရှုအားပေး



**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန် စေရန်နှင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များဖြစ်ပေါ်စေရန်အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသည့် အောင်မြေသာစံခရိုင် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ခုတင် ၁၀၀ ဆံ့ မန္တလေးတိုင်းရင်းဆေးရုံကြီးသို့ ယနေ့ နံနက်ပိုင်းကရောက်ရှိကာ ဆေးရုံဥပဓိရုပ်နှင့်အညီ အမြင်တင့်တယ်စေရန်၊ လူနာများစိတ်ချမ်းမြေ့စေရန်အတွက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများ၊ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းနေမှုများ၊ အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်းဦးရေ ၄၀၀၊ စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်သို့ရောက်ရှိပြီး အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲ၊ အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်နှင့် တံတားဦးခရိုင် ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းတို့က စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှု၍ သွေးလှူရှင်များကိုနှုတ်ဆက်အားပေးကာ အာဟာရဖြည့်စွက်စာများကို လက်ရောက်ပေးအပ်ခဲ့ကြသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ အထူးသီးသန့်ခန်းတွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူသီတင်းသုံးတော်မူနေသည့် နိုင်ငံတော်ဩဝါဒါစရိယ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကုမာရာဘိဝံသအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်ဖူးမြော်၍ ဆရာတော်ကြီး၏ ကျန်းမာရေးအား အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးနေသည့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး၊ ဒုတိယဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လစ်ဟာမှုမရှိစေရန် အထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရေ၀တီတိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ရေ၀တီတိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်း၊ ဒုတိယဆုရရှိသည့် ပုသိမ်ခရိုင်အသင်း၊ တတိယဆုရရှိသည့် မအူပင်ခရိုင်အသင်း၊ တစ်ဦးချင်းဆုရရှိသူများနှင့် အဖွဲ့လိုက်ဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများက ဂုဏ်ပြုတေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြ ကြောင်း သတင်းရရှိသည်။




**ရေ၀တီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်





မိုင်းဆတ်မြို့ရှိ သဗ္ဗညုစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်(ဝဲပုံ)နှင့် ဆောင်ရွက်ပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီးမျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာစာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများ အားထုတ်နိုင်ရေးတို့အတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ် မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ် မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ငါး မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ် လေး မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါး မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက် မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံး မြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဆေးခန်းများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၉၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၅၅ ဦး၊ ခွဲစိတ်ရောဂါ ၅၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၆ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၉၄ ဦးနှင့် သွားရောဂါ ၅၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ၁၁ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦး တို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၅၄ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၁၁၀ တို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန်လိုအပ်သူဦးရေ ၅၀ ကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းနောက် မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ဒေသခံပြည်သူများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက နေကာမျက်မှန်များ တပ်ဆင်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# တောင်ကြီးမြို့၊ ပထူးတပ်မြို့၊ မုံရွာမြို့နယ်၊ ခန္တီးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် Ultrasound ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ အလားတူ ပထူးတပ်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ပထူး)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို နယ်မြေခံဆေးကုသရေးအဖွဲ့များက အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထို့အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခံတောကျေးရွာရှိ ဒေသခံပြည်သူ ၅၄ ဦးနှင့် ခန္တီးမြို့နယ်အတွင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၆၅ ဦး တို့ကို သွေးတိုးရောဂါ၊ အထွေထွေအားနည်း ရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင် ရပ်ကွက် ဓမ္မရေဝါဆိုကျောင်းတိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၀၅ ပါးကို သွေးတိုးရောဂါ၊အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချို စစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ၂၈၆ ပါးတို့ကို နယ်မြေခံဆေးကုသရေးအဖွဲ့က စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက နမ့်စန်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမေရိကန်နိုင်ငံတွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်မှု နှောင့်နှေးနေ



**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန် ရုပ်ကြွင်းလောင်စာအစားထိုး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း တိုးတက်မှုနှုန်းမှာ နှောင့်နှေးနေသည်ဟု ကမ်းလွန်လေအားလျှပ်စစ်ဖော်ဆောင်ရေးဒါရိုက်တာ ခရစ်အိုလက်က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တည်ဆောက်ရေးကဏ္ဍအဖြစ် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်နေပြီး အိမ်ဖြူတော်အစိုးရက ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် လျှပ်စစ်စွမ်းအင်မဂ္ဂါဝပ် ၃၀၀၀၀ ထိ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို ၂၀၃၀ ပြည့်နှစ်အရောက်မှာ အပြီးသတ် အကောင်အထည်ဖော်ဖို့ ရည်မှန်းထားပါတယ်။ ဒါပေမဲ့ လုပ်ငန်းတိုးတက်မှုကတော့ အားရကျေနပ်ဖွယ်မရှိသေးပါဘူး။ လက်ရှိဆောင်ရွက်နေတဲ့ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းအပြင် အခြား လေအားလျှပ်စစ်စီမံကိန်းတွေကိုလဲ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ကမ်းလွန်လေအားလျှပ်စစ်ဖော်ဆောင်ရေးဒါရိုက်တာ ခရစ်အိုလက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : NBC News

Trs : Sai Sat

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်

**ဇန်းမော် စက်တင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက် ၉ နာရီက ဇန်းမော်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သော ကမ္ဘာ့အိုဇုန်းလွှာနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ဇန်းမော်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က အမှာစကားပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသောကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်သူ ဦးရေ ၈၀၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်သူ ၁၃၅ ဦးနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၃၂ ဦး စုစုပေါင်း ၃၄၇ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ အဆိုပါ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ဇန်းမော်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် ဇန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ (၁၈၅)

# ကနေဒါနိုင်ငံ အရှေ့ဘက်ပိုင်းဒေသများတွင် လီ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**အော့တဝါ စက်တင်ဘာ ၁၆**

ကနေဒါနိုင်ငံ အရှေ့ဘက်ပိုင်းဒေသများတွင် လီဟု အမည်ပေးထားသည့် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေသည်ဟု ကနေဒါဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လီ ဟာရီကိန်းမုန်တိုင်းသည် မြောက်အတ္တလန္တိတ်သမုဒ္ဒရာပိုင်းဇုန်ကို ဖြတ်သန်းကာ အမေရိကန်နိုင်ငံ နယူးအင်္ဂလန်ဒေသမှတစ်ဆင့် ကနေဒါအရှေ့ဘက်ပိုင်းဒေသများသို့ တိုက်ခတ်လာဖွယ်ရှိကြောင်း၊ လီ ဟာရီကိန်းမုန်တိုင်းသည် အားကောင်းဖွယ်ရှိနေပြီး အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်ကြောင်း ကနေဒါဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

"လီ ဟာရီကိန်းမုန်တိုင်းဟာ နယူးအင်္ဂလန်ဒေသကနေ ကနေဒါအရှေ့ဘက်ပိုင်းဒေသတွေကို ဝင်ရောက်တိုက်ခတ်လာနိုင်ပါတယ်။ မုန်တိုင်း အားကောင်းဖွယ်ရှိနေသလို တစ်နာရီကို မိုင် ၈၀ နှုန်းနဲ့ တိုက်ခတ်လာနိုင်တယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းကလဲ တစ်နာရီ မိုင် ၄၀ နှုန်းထိရှိနိုင်ပြီး မိုးရေချိန်ကလဲ လေးလက်မထိ ရှိနိုင်ပါတယ်။ မုန်တိုင်းဟာ နိုဗာစကော့တီယာပြည်နယ်ကို အဓိကဦးတည်တိုက်ခတ်လာနိုင်ပြီး ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းဟာ အသက်အန္တရာယ်ကိုခြိမ်းခြောက်နိုင်တဲ့အဆင့်ဖြစ်တဲ့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့လိုအပ်ပါတယ်" ဟု ကနေဒါ ဟာရီကိန်းမုန်တိုင်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မုန်တိုင်းကြောင့် မိုးရေချိန် လေးလက်မထိ မြင့်တက်ဖွယ်ရှိနေပြီး ရေကြီးရေလျှံမှုပြဿနာလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ လီ ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ နယူးအင်္ဂလန်ဒေသမှတစ်ဆင့် မက်ဆာချူးဆက်ပြည်နယ်ထိ တိုက်ခတ်ကာ ထိုမှတစ်ဆင့် ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်ထိ တိုက်ခတ်လာဖွယ်ရှိနေကြောင်း သိရသည်။

Ref : AP

Trs : Sai Sat

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# ဆွီဒင်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်ကို ရဲတပ်ဖွဲ့က ဥပဒေလိုက်နာရန်ပျက်ကွက်မှုဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်နေ

**စတော့ဟုမ်း စက်တင်ဘာ ၁၆**

ဆွီဒင်နိုင်ငံ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများတွင် လူသိများပြီးကမ္ဘာ့နိုင်ငံအသီးသီးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများကပင် ချီးကျူးနေရသည့် အသက် ၂၀ အရွယ် ဆွီဒင်နိုင်ငံသူ ဂရီတာသွန်းဘတ်ကို ဆွီဒင်ရဲတပ်ဖွဲ့က ဥပဒေလိုက်နာရန်ပျက်ကွက်မှုဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း မဲလ်မိုရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ဂရီတာသွန်းဘတ်သည် လွန်ခဲ့သော နှစ်လခန့်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် ပူးပေါင်းကာ အစိုးရကို ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့ကြကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် အမေရိကန်ဒေါ်လာ ၁၃၄ ဒေါ်လာဒဏ်ရိုက်ခံခဲ့ရပြီး ထိုစဉ်ကလည်း ရဲတပ်ဖွဲ့က ဥပဒေလိုက်နာရန်ပျက်ကွက်မှုဖြင့် အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဆန္ဒထုတ်ဖော်တယ်ဆိုတာက အာဏာပိုင်အဖွဲ့အစည်းဆီကနေ စည်းမျဉ်းစည်းကမ်းအတိုင်း ဆန္ဒထုတ်ဖော်ခွင့်တင်ရပါတယ်။ ဂရီတာသွန်းဘတ်ဦးဆောင်တဲ့ ဆန္ဒထုတ်ဖော်သူတွေဟာ အာဏာပိုင်အဖွဲ့အစည်းဆီကနေ ခွင့်ပြုချက်မယူခဲ့သလို အများပြည်သူသွားလာမှုကို အနှောင့်အယှက်ဖြစ်စေတဲ့ ဆန္ဒထုတ်ဖော်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဆန္ဒထုတ်ဖော်မှုတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် ပြည်သူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါတယ်။ ဂရီတာသွန်းဘတ်ဟာ ဇူလိုင် ၂၄ ရက်ကလဲ ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ပြီး ရဲတပ်ဖွဲ့က ဂရီတာသွန်းဘတ်အပါအဝင် ဆန္ဒထုတ်ဖော်သူတွေကို လူစုခွဲဖို့ ညွှန်ကြားခဲ့ပေမဲ့ လိုက်နာဖို့ ပျက်ကွက်ခဲ့ပါတယ်။ ဒါကြောင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ဒဏ်ရိုက်တာတွေလုပ်ခဲ့ရတယ်"ဟု အစိုးရရှေ့နေတစ်ဦးက ပြောကြားခဲ့သည်။

ဂရီတာသွန်းဘတ်သည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ရပ်တန့်ပေးရန် အဓိကတောင်းဆိုခဲ့ခြင်းဖြစ်ပြီး တစ်ခါတစ်ရံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအုပ်စုဖြင့် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သလို တစ်ခါတစ်ရံတွင် တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်မှုပြုလုပ်နေသည့် အမျိုးသမီးငယ်တစ်ဦးဖြစ်ကြောင်း သိရသည်။


Ref : Sky News

Trs : Sai Sat

0w Mv M @

# မျက်ချေး

မွေးထူးလေး



(၁)

"ဂလောင်"

မျက်နှာသစ်ဖို့ရှာ လက်ကျန်ရေလေးများဒန်ဇလားထဲမှာရှိအုံးမလားလို့ ဖလားလေးနဲ့နှိုက်ကြည့်မိပါတယ်။ ဘာမှမရှိ ဇလာနတ္ထိမို့ ဒီတိုင်းလက်ကိုပြန်ထုတ်လိုက်ရတယ်ဗျာ။ ဘယ့်နှယ် နွေခေါင်ခေါင်မှာ ရေထပြတ်ရတယ်လို့။ နဂိုကမှ နေရတာကအပေါ်ဆုံးထပ်မို့ သွပ်နဲ့နီးလို့ ပူပါတယ်ဆိုမှ ရေကမချိုးရတော့ အိမ်ရှိလူကုန်ချွေးစော်တွေနံပြီး တစ်ယောက်နားတစ်ယောက် ယောင်လို့တောင် မကပ်ချင်ကြတော့ဘူး။ သားငယ်လေးကဆို သူ့အစ်ကိုကို လက်ညှိုးထိုးပြီး "နံတယ်၊ လာနဲ့ လာနဲ့"ဆိုပြီး ပြောတော့တာ။ ရေကလဲပြတ်ချက်က တစ်နေ့တစ်နေ့ ရေချိုးဖို့အသာထား မျက်နှာ သစ်ဖို့တောင်မနည်းဖြစ်နေတာ ဒီနေ့ရောဆို သုံးရက်ရှိပြီ။ ဟော. . . အခုဆိုပိုဆိုး မျက်နှာတောင်သစ်စရာမရှိဘူး။ ဒီကြားထဲ အိမ်ကမဟေသီကလဲ ကာလဒေသကို နားမလည်လိုက်ပုံများ ရေပြတ်နေပါတယ်ဆို ချက်ထားတဲ့ဟင်းက ပဲဟင်း၊ သရက်ချဉ်နဲ့ ငရုတ်သီးထောင်းတဲ့။ အိမ်သာရေကမရှိတာနဲ့ ပဲဟင်းစားရမှာနဲ့တော့ ဒုက္ခတွေရောက်တော့မှာပဲ။ တကယ်ဗျာ။ ပိုက်ပေါက်တာဆိုရင်လဲ တစ်တိုက်လုံးပေါင်းပြီး ပြင်ကြပါတော့လား။ အခုတော့ တစ်တိုက်လုံး ချွေးတလုံးလုံးနဲ့ ကြိတ်မှိတ်နေကြတာ အုံ့ပါရော။

(၂)

"ဗျို့. . . အစ်ကိုတို့ရေ၊ ရေပိုက်လေးပြင်ဖို့အတွက် အားရင် အောက်ဆင်းခဲ့ကြပါအုံးဗျ"

အသံကြားကြားချင်း တိုက်အောက်ကိုကျုပ်ငုံ့ကြည့်လိုက်တယ်။ မြေညီထပ်က မောင်ထွန်းနိုင်က ပထမထပ်ကလူတွေနဲ့ သူ့ဘေးခန်းကလူတွေကို ပိုက်ပြင်ဖို့ အော်ပြောနေတာပဲ။ မောင်ထွန်းနိုင်က မဆိုးဘူးဗျ။ လိမ္မာရေးခြားရှိတယ်။ လူငယ်သာပြောတာ ဦးစီးဦးဆောင်လဲ လုပ်နိုင်တယ်။ ဒီတိုက်ရဲ့ သာရေးနာရေးကိစ္စမှန်သမျှ သူ့ကိုအားကိုးရတာပဲ။

"ကဲ. . . လိုအပ်တာတွေဝယ်ဖို့ငွေကို ပြီးခါမှကုန်ကျစရိတ်ပေါ်မူတည်ပြီး ခွဲကြကောက်ကြမယ်ဗျာ။ လောလောဆယ် ပေါက်တဲ့နေရာကိုကြည့်ဖို့ ဒီအုတ်ခုံကြီးကို အရင်ဖြိုကြရအောင်"

မောင်ထွန်းနိုင်က ပြောပြောဆိုဆို ခြောက်ပေါင်တူနဲ့ အုတ်ခုံကိုစထုတယ်။ ကျန်တဲ့လူတွေကတော့ ရပ်ကြည့်နေကြတာပဲ။ ဟောကြည့်ပါအုံးဗျာ။ ဒုတိယထပ်က ထိပ်ပြောင်မောင်မောင်ကလဲ သွားမကူတဲ့အပြင် အခန်းတံခါးကိုတောင် စေ့ထားလိုက်သေးတယ်။ တကယ်ဆို သူတို့အိမ်က ပိုပြီးတောင်ကူသင့်တာ။ ကလေးတွေ တစ်ပြုံတစ်ခေါင်းနဲ့ တစ်နေ့တစ်နေ့ သူတို့ချိုးရေသုံးရေက အနည်းဆုံး လေးငါးပီပါတော့ အသာလေးပဲနေမှာ။

"ဟိုနားလေး နည်းနည်းတိုးပြီး ထုလိုက်ပါလား"

အမယ် ပထမထပ်ကသူဌေးယောင်ယောင်၊ ပွဲစားယောင်ယောင် ကျော်စွာဆိုတဲ့ကောင်ကလဲ သူကသာဘာမှဝင်မလုပ်တာ သူများတော့ ဆရာလုပ်သဗျာ။ ကျုပ်သာ မောင်ထွန်းနိုင်ရဲ့နေရာမှာဆို အုတ်ခုံကိုမထုဘဲ ကျော်စွာ့ခေါင်းကို ထုပစ်တယ်။ တော်ပါပြီဗျာ အကုသိုလ်များတယ်။ တရားထိုင်နေတာပဲ ကောင်းတယ်။

"ပူတယ် ပူတယ်။ အယ်မှားလို့။ ဖောင်းတယ်ပိန်တယ်"

(၃)

"ကိုမိုး ကိုမိုး တော့် ကိုမိုးခေါင်"

ကျုပ်မျက်နှာကြီးကို အထက်ဆီးကငုံ့ကြည့်ပြီး အော်ခေါ်လာတဲ့ အိမ်သူသက်ထားရဲ့ ၄က်ဆိုးထိုးသံကြောင့် ကျုပ်အိပ်ရာကနေ ဖျတ်ခနဲလန့်နိုးလာတယ်။

"အမယ်. . . ဒီလောက် ပူလောင်နေတဲ့ကြားက တော်က စက်တော်ခေါ်နိုင်သေးတယ်နော်"

"အေးဟ. . . ငါလဲ တရားထိုင်တာကနေ ဘယ်လိုလုပ်အိပ်ပျော်သွားမှန်းမသိဘူး။ ဒါနဲ့ အောက်မှာ ရေပိုက်ပြင်လို့ပြီးသွားကြပြီလား"

"ပြီးတော့မယ်ထင်တာပဲ"

"ဟင်. . . နင့်ဟာကလဲ မရေမရာနဲ့ ငါ့ဘာသာပြတင်းပေါက်ကနေ လှမ်းကြည့်တာပဲ အေးတယ်"

အုတ်ခုံကတော့ ဖြိုလို့ပြီးသွားပြီ။ အထဲကရေပိုက်ကို ပြင်ဖို့လုပ်နေကြတာပဲ။ ကြည့်ရတာ ကြာအုံးမယ်နဲ့တူတယ်။ ဒီပုံအတိုင်းဆို ရေမချိုးရဘဲ နေကုန်အုံးမှာပဲ။ တော်ပါသေးတယ် အလုပ်ပိတ်ရက်မို့သာ။ ဖွင့်ရက်သာဆို အလုပ်ထဲကလူတွေတော့ ချွေးနံ့အဝရှူရတော့မှာ။ တစ်ခါတလေကျတော့လဲ ကျုပ်အခုလိုတွေဖြစ်နေတာ ကျုပ်ရဲ့နာမည်ကိုက ပညတ်သွားရာဓာတ်သက်ပါလို့များလားလို့တောင် အောက်မေ့မိတယ်။ ကျုပ်ကိုမွေးတဲ့နှစ်က ရွာမှာမိုးတွေခေါင်လို့ အဖေက နာမည်ပေးလိုက်တာတဲ့။ ဘယ်လောက်များ ကျုပ်နာမည်က ကျုပ်ကို ဒုက္ခပေးတယ်မှတ်လဲ။ မိုးခေါင်တဲ့နှစ်တွေဆို အလိုလိုနေရင်း ကျုပ်ကြောင့်ဆိုပြီး ရွာကလူတွေက ပြောကြပါရော။ ဒါတင်မက အိမ်ခြေ ၁၀၀၀ ရှိတဲ့ တံငါရွာကြီး ငါးမရတာ သူ့ကြောင့် ဆိုတဲ့ထဲကလို ကျုပ်ရှိရင်ကို တစ်ရွာလုံးထမင်းငတ်မဲ့ပုံမျိုး သွားပုပ်လေလွင့်တွေပြောလာလို့ မခံနိုင်တော့တဲ့အဆုံး ကျုပ်တို့မိသားစု ရန်ကုန်ကိုပြောင်းခဲ့ရတော့တာပဲ။ ကျုပ်တို့ရန်ကုန်ကိုအလာ ဇီးရိုးမိုင်လောက်မှာ မိုးတွေတအားရွာပါရော။ အဲဒီလို မိုးတွေရွာတော့ ခရီးသည်တင်ကားပေါ် ကျုပ်ဘာထလုပ်တယ်မှတ်လဲ။ ကတာဗျာ ကတာ။ သူများတွေက ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုပြီး စိတ်ညစ်နေတဲ့အချိန် ကျုပ်ကတော့ ပြောင်းပြန်ကိုဖြစ်ကရော။ အဲ. . . ဒါပေမဲ့ ရန်ကုန်မှာ ကျုပ်ရှိလို့ဆိုပြီး မိုးသာမခေါင်တာ ရေတော့ ခဏခဏပြတ်တယ်ဗျာ။ အဲဒီအခါမျိုးဆို အဖေက ကျုပ်ကိုမျက်စောင်းစာကျွေးရင်း "မိုးခေါင် ရေရှားတဲ့ကောင်" ဆိုပြီး သားအဖချင်းနှိမ်တော့တာပဲ။ အခုလဲ အဖေသာသက်ရှိထင်ရှားရှိအုံးမယ်ဆို ကျုပ်ကို ဘယ်လောက်ပြောလိမ့်မလဲမသိ။

(၄)

ညနေ ၄ နာရီ။ အမှန်တိုင်းပြောရရင် ကျုပ်အတော်ကိုစိတ်ကုန်နေပြီ။ ရေပိုက်ကလဲ ပြင်လို့ပြီးပြီဆိုပေမဲ့ အုတ်ခုံကိုပြန်ပြီးပြင်နေဖုံးနေကြတုန်း။ ပြီးတော့ပြောသေးတယ်။ ရေဘားကို သွားမဖွင့်ကြနဲ့အုံးတဲ့။ ပိုက်ကိုကော်ကပ်ထားလို့ မခြောက်သေးမှာစိုးလို့တဲ့။ တကယ်ဗျာ ပူလှအိုက်လှပါပြီဆို။ ကျုပ်တို့လူကြီးတွေက အသာထား။ ကလေးတွေက ရေချိုးချင်တယ်ဆိုပြီး တဗြဲဗြဲနဲ့ငိုတာ ချော့မရဘူး။ ပူရတဲ့အထဲ နားကိုဆူလို့။ ဒါတင်မက လမ်းထိပ်နားက အလှူခံမဏ္ဍပ်ကလဲ အသံချဲ့စက်ကြီးနဲ့ သီချင်းတွေဖွင့်နေသေးတာ။ ကျုပ်တို့အဖြစ်က ရေခဲအိုးထဲအရှင်လတ်လတ်ကြီး ထည့်ပြုတ်ခံနေရတဲ့အချိန် ဘေးကနေ ပျော်သလားဟေ့မောင်တို့ရေလို့ ဘောက်ကြီးနဲ့ လာဖွင့်ပြနေသလိုပဲ။ ပူတဲ့ဒုက္ခကတစ်မျိုး၊ နားညည်းတဲ့ဒုက္ခကတစ်ဖုံ။ ကြည့်ရတာ ဒုက္ခဆိုတဲ့အမျိုးက ကျုပ်တို့အပေါ် အတော်စေတနာရှိပုံရတယ်။

"သဲဖို့ရမှာဆိုတော့ သဲပါဝယ်ရမှာပေါ့။ ကဲဗျာ. . . ကျွန်တော်ပဲ စိုက်လက်စနဲ့ စိုက်ဝယ်ထားလိုက်မယ်။ အားလုံးပြီးမှ တစ်ခန်းကို ဘယ်လောက်ကျမလဲဆိုတာ ပြန်တွက်ကြတာပေါ့"

မောင်ထွန်းနိုင်က အတော်တော့စိတ်ထားကောင်းသား။ လူအား၊ ငွေအား သူရှိရင် ဘာမှကိုစိတ်ပူစရာမလိုတာ။ ကျုပ်သူ့အကြောင်း ချီးမွမ်းခန်းဖွင့်ရရင် ကုန်မယ်ကိုမထင်ပါဘူး။

(၅)

သဲတင်တဲ့ ထော်လာဂျီလေးက ကျုပ်တို့တိုက်ရှေ့ကို တထုတ်ထုတ်နဲ့ ရောက်ချလာတယ်။ အခုဆို ညနေ ၅ နာရီတောင်ထိုးနေပြီ။ အုတ်ခုံဖြိုထားတဲ့ဟာက ဒီသဲစောင့်နေတာနဲ့ကြာနေတာ။ အခုထိ အပြီးမသတ်ရသေးဘူး။ လူတွေကတော့များပါရဲ့ တကယ်အလုပ်လုပ်တဲ့သူပဲမရှိတာ။

"ဒီနားလေးချ"

"မဟုတ်ဘူးနော်။ ဒီပေါ် ကိုချမှပေါ့"

"ဟာ. . . မဟုတ်တာ ဟိုနားချပါ"

ကဲ. . . အဲဒါပဲ။ သဲဝယ်ဖို့ ငွေစိုက်တာ မောင်ထွန်းနိုင်။ သဲသွားဝယ်တာလဲ မောင်ထွန်းနိုင်ပဲ။ တိုက်ရှေ့ကို သဲရောက်လာပြီဆိုခါကျမှ အကုန်လုံးက ဆရာထလုပ်တော့တာ။ ကျုပ်ဗျာ လူတင်မက စိတ်ပါအိုက်လာပြီ။ အမယ် ဒုတိယထပ်က ထိပ်ပြောင်မောင်မောင်ကလဲ အခုမှဆင်းသွားပြီး ဟိုဟာလေးလုပ်သလိုလို၊ ဒီဟာလေးလုပ်သလိုလိုနဲ့ လူလုံးထွက်ပြနေပေါ့လား။ ရယ်ရတယ်ဗျာ။ ဘယ့်နှယ် သူများတကာလုပ်လို့ပြီးမှ သူလုပ်ထားသလို အယောင်ပြ နှမ်းဝင်ဖြူးသတဲ့။ အယ်. . . သူ့ကျတော့ သဲဝင်ဖြူးတယ်လို့ ပြောရမှာပေါ့။

"ကဲ. . . သဲဖို့ပြီးပြီဆိုတော့။ ဒီအုတ်ကျိုးတွေကို သဲပေါ် ပြန်ဖို့ကြရအောင်"

"ဖြည်းဖြည်းဖို့ကြပါဟ။ တော်ကြာ ပိုက်ပြန်ပေါက်သွားအုံးမယ်"

တစ်ယောက်တစ်ပေါက်နဲ့ ဖို့လိုက်ကြတာ ပြီးတော့သွားပြီ။ ဒီညတော့ ရေချိုးရမယ်ထင်တာပဲ။

"ကဲ. . . ကုန်ကျစရိတ်လေး တွက်ပြမယ်ဗျာ။ သဲက ငွေ ၃၀၀၀၀။ ပိုက်တို့၊ ကော်တို့၊ သံဖြတ်လွှနဲ့ အခြားတိုလီမုတ်စလေးတွေဝယ်တာက အားလုံးပေါင်းမှ ငွေ ၁၅၀၀၀ ပဲကျတာ။ ဒီမှာဘောင်ချာပါတယ် ကြည့်ချင်ရင် ယူသာကြည့်ကြ"

"ရပါတယ် ထွန်းနိုင်ရာ မကြည့်တော့ပါဘူးကွာ။ အင်း. . . တို့တိုက်ကနှစ်ခန်းတွဲ လေးထပ်ဆိုတော့ အားလုံးပေါင်းရှစ်ခန်း။ ငွေ ၄၅၀၀၀ ကို ရှစ်ခန်းနဲ့စားတော့၊ တစ်ခန်းမှ ငွေ ၅၆၀၀ ကျော်ပဲကျမှာ။ ကဲဗျာ. . . ကောက်ရလွယ်အောင် တစ်ခန်းကို ငွေ ၅၇၀၀ နဲ့ တစ်ခါတည်း ကျုပ်ပဲ ပိုက်ဆံလိုက်စုပေးလိုက်မယ်"

ပိုက်ဆံလိုက်စုပေးမယ်ဆိုလို့ ဘယ်သူများလဲမှတ်တယ်။ ထိပ်ပြောင်မောင်မောင် ဖြစ်နေပါလား။ ဒီကောင်ကတော့ အားလုံးပြီးမှ အမှတ်ဝင်ယူတာ ဒါရောဆို နှစ်ခါရှိပြီ။ နေပါစေအုံး။ ကျုပ်အခန်းကို ပိုက်ဆံလာကောက်မှ သင်းကို ကောင်းကောင်းကြီး ဆုံးမပစ်ရအုံးမယ်။

(၆)

"ဒေါက်. . . ဒေါက်"

ထိပ်ပြောင်မောင်မောင် ရောက်လာပြီနဲ့တူတယ်။ တံခါးကို တော်တော်နဲ့မဖွင့်ဘဲထားလိုက်အုံးမယ်။

"ကိုမိုးခေါင် ကိုမိုးခေါင်"

"လာပြီ ကိုမောင်မောင်ရေ"

တံခါးနားကိုရောက်အောင် လိပ်ရဲ့သွားနှုန်းမျိုးနဲ့ ကျုပ်လမ်းလျှောက်ပြီး သွားလိုက်တယ်။

"ဘာရှိလို့လဲ ကိုမောင်မောင်ရဲ့"

"ပိုက်ဆံ ၅၇၀၀ လာကောက်တာဗျာ။ ဘာလို့ကောက်လဲမမေးနဲ့။ ပိုက်ပေါက်တဲ့ဟာ ဒီနေ့ပြင်ကြလို့ ခွဲတမ်းငွေလာကောက်တာ။ ဒါနဲ့နေပါအုံး။ အောက်မှာ ဒီလောက်ဆူညံနေတာ ခင်ဗျား မကြားဘူးလား ကိုမိုးခေါင်"

"ကြားရုံမက မြင်တောင်မြင်သေး။ သူများတွေ အားလုံးပြင်ကြမှုကြပြီးမှ ခင်များအောက်ကိုဆင်းပြီး နှမ်းဝင်ဖြူးတာ။ အယ်. . . မှားလို့ သဲဝင်ဖြူးတာ တွေ့သားပဲ"

စာမျက်နှာ ၂၅ သို့ ➤

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲကေ ၆၀၇၉၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲကေ ၆၀၇၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၆၃၄၀၇ ကေစိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၆၀၇၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ မိုးမြေပဲ ကေ ၆၃၀၀၀ ကျော် လျာထားစိုက်ပျိုးနေပြီး ကေ ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးမြေပဲကို လျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် မိုးမြေပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၃၈၂ ကေ၊ ဘုတလင်မြို့နယ်တွင် ၃၄၅၀၁ ကေ၊ အရာတော်မြို့နယ်တွင် ၁၅၁၃၁ ကေနှင့် ချောင်းဦးမြို့နယ်တွင် ၉၇၇၆ ကေ စုစုပေါင်းကေ ၆၀၇၉၀ ဖြစ်ကြောင်း၊ မိုးမြေပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၁၈၁၀၊ ဘုတလင်မြို့နယ်တွင် ၃၅၇၈၂ ကေ၊ အရာတော်မြို့နယ်တွင် ကေ ၁၇၃၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ၈၅၁၅ ကေ စုစုပေါင်း ၆၃၄၀၇ ကေဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးမြေပဲ စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းမြေပဲကို မုံရွာမြို့နယ်တွင် ၆၈၃၆ ကေ၊ ဘုတလင်မြို့နယ်တွင် ၁၄၉၇၈ ကေ၊ အရာတော်မြို့နယ်တွင် ၁၃၆၀၅ ကေနှင့် ချောင်းဦးမြို့နယ်တွင် ၅၈၉၁ ကေ စုစုပေါင်း ကေ ၄၁၃၁၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နမ့်ကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၅ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နမ့်ကုန်းကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၉ သိန်း စုစုပေါင်းငွေကျပ် ၁၆၀ ဒသမ ၉ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ် စက်တင်ဘာ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ခင်မာ**



➢စာမျက်နှာ ၂၄ မှအဆက်

"ဟုတ်ပါ့ဗျာ။ ရုံးအလုပ်တွေ အိမ်ကိုပါလာလို့ မီးလာတုန်း လက်ပ်တော့နဲ့ အပြီးသတ်စာရင်းချုပ်နေရတာမို့ မီးပျက်မှ အောက်ကို ဆင်းဖြစ်တော့တာပဲ။ ဒါနဲ့ ခင်ဗျားလဲ တစ်နေကုန်အောက်ကို ယောင်လို့တောင် ဆင်းမလာဘူးနော်။ ဧကန္တ မျက်နှာသစ်ချိန်မရလောက်အောင်ကို အပေါ်မှာအလုပ်ရှုပ်နေတယ်နဲ့တူတယ်"

"ဟဲဟဲ ဟုတ်ပါ့ဗျာ။ ကိုမောင်မောင်က ဒီလိုကျ အကဲခတ်တော်သားပဲဗျ"

"အင်း . . . တော်ဆို ခင်များမျက်စိမှာ မျက်ချေးခဲကြီး ကပ်နေတာကိုးဗျ။ အေးဗျာ . . . လူဆိုတဲ့အမျိုးကလဲ ခက်တော့ခက်သား။ သူများမျက်ချေးသာမြင်တာ ကိုယ့်မျက်ချေးကျ ကိုယ်မမြင်ကြဘူးဗျ ကိုမိုးခေါင်ရ။ ကိုမိုးခေါင်တော့ ဘယ်လိုလဲမသိဘူး။ ကျုပ်ကတော့ အဲဒီလို ကိုယ့်မျက်ချေးကိုယ်မမြင်ဘဲနဲ့။ အားရင်ဘေးထိုင်ပြီး ဘုပြောဖို့လောက်ပဲသိတဲ့လူတွေဆိုဖြစ်နိုင်ရင် စကားကိုအဖက်လုပ်မပြောချင်တာ"

ထိပ်ပြောင်မောင်မောင်ရဲ့စကားလုံးက ခဲတစ်လုံးလို ကျုပ်ရင်ဝကို တည့်တည့်ကြီးလာမှန်တာမို့ ကျုပ်မှာသူ့ကို ဘာတစ်ခွန်းမှ ပြန်မချေပနိုင်ဘူးရယ်။

"အင်း . . . ခင်ဗျားနဲ့ လေကန်နေရတာနဲ့ လာရင်းကိစ္စ မပြီးဘဲဖြစ်တော့မယ်။ ကြာတယ်ဗျာ ပိုက်ဆံသာမြန်မြန်ပေးတော့ ကိုမိုးခေါင်"

ပြောပြောဆိုဆို ထိပ်ပြောင်မောင်မောင်က ကျုပ်ကမ်းပေးလိုက်တဲ့ ပိုက်ဆံကိုယူပြီး အောက်ကိုဆင်းသွားတယ်။ သူဆင်းသွားပြီးတာနဲ့ ကျုပ်လဲမှန်ရှေ့ကို အမြန်ပြေးသွားလိုက်ရတယ်။ ဟုတ်ပါရဲ့ ညာဘက်မျက်စိထောင့်မှာ မျက်ချေးခဲကြီးပဲ။

"တောက် . . . မင်းကြောင့်ငါအပြောခံရတာ။ ကဲကွာ သွားစမ်း"

ကိုယ့်ကိုယ်ကိုယ် ဒေါသလဲထွက် ရှက်လဲရှက်နဲ့ မျက်ချေးခဲကို အပြစ်ပုံချပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တယ်။ အိမ်သူမဟေသီဒေဝီကတော့ ကျုပ်ရဲ့ဖြစ်ပျက်နေပုံကို နားမလည်နိုင်တဲ့ပုံမျိုးနဲ့ မျက်မှောင်ကြုတ်ကာ ကြည့်နေလေရဲ့။

## အဖျက်ရန်စွယ် တို့ကာကွယ်

\- ဂန္ထဝင် ကဗျာကိုရေး
ကာရန်တေး ရှာကြံမယ်၊
မြတ်စာဆို အဘိုးကဝိ
ရေးဘိချန်တယ်၊
ခေတ်သမီး သားတို့ရယ်
လေ့လာကွယ် ဖတ်မှတ်ထား၊
စာ ပန်းချီ ခြယ်မှုန်းကြလို့
လှပစေသား။

\- မြန်မာပြည် အလှတရား
တို့အများ ဖွဲ့ဆိုလေ၊
တောတောင်တွေ အုံ့မခန်း
စိမ်းလန်းကာနေ၊
လမ်း၊ တံတား ကောင်းမွန်ပေ
မြစ်၊ ချောင်းတွေ ဖြတ်ကျော်ထား၊
ပန်းပေါင်းစုံ ပွင့်ငုံဖူးလို့
ကြည်နူးမိသား။

\- အမိမြေ အိမ်တစ်လုံးအား
သွေးချင်းများ အတူနေတယ်၊
ကြုံတွေ့လာ အခက်အခဲ
လက်တွဲကျော်မယ်၊
ပြည်ထောင်စု အဖျက်ရန်စွယ်
တို့ကာကွယ် ချေမှုန်းထား၊
မြန်မာပြည် ဘေးမသန်းလို့
(အိုကွယ်)
အေးချမ်းစေသား။ ။

**ဇရျမ်းရွာကျောင်းအိုသား**

# တောင်သာမြို့နယ် တမာကုန်းကျေးရွာ ကုန်ထုတ်လမ်းတွင် Box Culvert တစ်စင်းပြီးစီးမှု စစ်ဆေး

**တောင်သာ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာထွက်ကုန်၊ ထုတ်ကုန်များကို ဈေးကွက်သို့လျင်မြန်စွာသယ်ပို့နိုင်ရေး ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားများဖောက်လုပ်ပေးလျက်ရှိရာ တမာကုန်းကျေးရွာ ကုန်ထုတ်လမ်းတွင် Box Culvert တစ်စင်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက တမာကုန်းကျေးရွာ ကုန်ထုတ်လမ်းတွင် Box Culvert တစ်စင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးပြုပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

တောင်သာမြို့နယ် တမာကုန်းကျေးရွာတွင် အလျား ၁၈ ပေ၊ အနံ လေးပေ ကိုးလက်မ၊ အမြင့် လေးပေ ကိုးလက်မရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၆၂ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# စစ်မှုထမ်းဆောင်ရန်အရည်အချင်းမပြည့်မီသောလူငယ် ၇၇ ရာခိုင်နှုန်းခန့်ရှိလာသော အမေရိကန်



အမေရိကန်စစ်ဘက်သည် တပ်သားသစ်စုဆောင်းရာတွင် မကြုံစဖူးသောအကျပ်အတည်းနှင့်ရင်ဆိုင်ရလျက်ရှိသည်။ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများသည် တရုတ်နိုင်ငံအပါအဝင် အဆင့်တူနိုင်ငံများနှင့်ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရေးအတွက် အမေရိကန်တပ်ဖွဲ့များ၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို ဆုတ်ယုတ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

အမေရိကန်လူငယ် ၇၇ ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ပိုင်းဆိုင်ရာ ကမောက်ကမဖြစ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာပြဿနာဖြစ်ခြင်းနှင့် ခန္ဓာကိုယ်အလေးချိန်ကျော်လွန်နေခြင်း စသည့်ပြဿနာတို့ကြောင့် စစ်မှုထမ်းဆောင်ရန်အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ လေ့လာမှုစစ်တမ်း၌ ဖော်ပြထားသည်။

စစ်မှုထမ်းဆောင်ရန်အရည်အချင်းမပြည့်မီသောအကြောင်းတရားများတွင် ခန္ဓာကိုယ်အလေးချိန်ကျော်လွန်မှုကြောင့် ၁၁ ရာခိုင်နှုန်း၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲမှုကြောင့် ရှစ်ရာခိုင်နှုန်းနှင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့ယွင်းမှုကြောင့် ခုနစ်ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စစ်မှုထမ်းဆောင်ရန်အရည်အချင်းမပြည့်မီသောနှုန်းသည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ခန္ဓာကိုယ်အလေးချိန်ကျော်လွန်မှုတို့ ပိုမိုမြင့်တက်လာလျက်ရှိသည်ဟုဆိုသည်။

ကာကွယ်ရေးဝန်ကြီးဌာန(DOD) က တပ်သားသစ်စုဆောင်းရာတွင် စိန်ခေါ်မှုများရှိနေကြောင်း၊ ယခင်မျိုးဆက်များနှင့်နှိုင်းယှဉ်လျှင် လက်ရှိမျိုးဆက်များသည် တပ်မတော်နှင့်အဆက်အသွယ်မပြုလုပ်တော့သည့်အပြင် စစ်ဘက်တွင် တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားမှုမရှိတော့ကြောင်း ဝန်ခံပြောဆိုထားသည်။ ထို့ပြင် စစ်မှုထမ်းဟောင်းဦးရေလျော့နည်းကျဆင်းလာခြင်းနှင့် တပ်မတော်၏ အခန်းကဏ္ဍကျဆင်းလာခြင်းတို့ကြောင့် စစ်မှုထမ်းများနှင့်ထိတွေ့ရင်းနှီးကျွမ်းဝင်မှုကျဆင်းလာပြီး ရှိရင်းစွဲသမားရိုးကျ တပ်မတော်အပေါ် အလွန်အကျွံမှီခိုအားထားလာရလျက်ရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ သတင်းစာက ဖော်ပြထားသည်။

ပင်တဂွန်ခေါင်းဆောင်များသည် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လူသစ်ဦးရေ ၁၇၀၀၀၀ ကျော်စုဆောင်းရရှိရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသော်လည်း ၎င်းအင်အားအတိုင်း ရရှိနိုင်မည်မဟုတ်ကြောင်းနှင့် တပ်သားသစ်စုဆောင်းရရှိရေးနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ရလျက်ရှိကြောင်း အမေရိကန်စစ်ဘက်သတင်းစာ၌ ဖော်ပြထားသည်။

အမေရိကန်ကြည်းတပ်သည် ၂၀၂၃ ခုနှစ်အတွင်း တပ်သားသစ်ဦးရေ ၆၅၀၀၀ ထိ စုဆောင်းရရှိရန်ရည်မှန်းချက်ထားရှိသော်လည်း ဦးရေ ၁၅၀၀၀ သာစုဆောင်းရရှိခဲ့ ကြောင်း၊ အမေရိကန်ရေတပ်သည် တပ်သားသစ်ဦးရေ ၃၈၀၀၀ ထိ စုဆောင်းရရှိရန် ရည်မှန်းထားရှိသော်လည်း ဦးရေ ၁၀၀၀၀ သာ စုဆောင်းရရှိခဲ့ကြောင်းနှင့် အမေရိကန်လေတပ်သည် တပ်သားသစ် ဦးရေ ၂၇၀၀၀ ထိ စုဆောင်းရရှိရန် ရည်မှန်းထားရှိသော်လည်း ဦးရေ ၃၀၀၀ သာ စုဆောင်းရရှိခဲ့ကြောင်း၂၀၂၃ ခုနှစ် ဇူလိုင်လထုတ် ဝေါစထရိဂျာနယ်၌ ဖော်ပြထားရှိသည်။

အမေရိကန်မရိန်းတပ်ဖွဲ့သည် ၂၀၂၂ ခုနှစ်အတွင်း သတ်မှတ်အရေအတွက်ဖြစ်သည့် တပ်သားသစ်ဦးရေ ၃၃၀၀၀ ရရှိရေးအတွက် ဆိုးသွမ်းလူငယ်ဂေဟာမှ လူငယ်များကို စုဆောင်းခဲ့သော်လည်း ခေါင်းဆောင်များက တပ်သားသစ်စုဆောင်းရေးလုပ်ငန်းကို စိန်ခေါ်မှုတစ်ရပ်အဖြစ်ဖော်ပြခဲ့သည်။ ထို့ပြင် အသက် ၁၆ နှစ်မှ ၂၁ နှစ်အတွင်း လူငယ်ကိုးရာခိုင်နှုန်းသာလျှင် စစ်ဘက်တွင် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိကြပြီး ကိုဗစ်-၁၉ ရောဂါမတိုင်မီကာလနှင့် နှိုင်းယှဉ်လျှင် ၁၃ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်ဟုဆိုသည်။

အရည်အသွေးမပြည့်မီသော နိုင်ငံသားများ၏စီးပွားရေးလုပ်ငန်းများ၊ စစ်ဘက်အပေါ်ယုံကြည်မှုကျဆင်းလာမှုများ၊ အသားရောင်နှင့် လူမျိုးရေးခွဲခြားဆက်ဆံသည့်ယဉ်ကျေးမှုတို့သည် အမေရိကန်စစ်ဘက်၏ တပ်သားသစ်စုဆောင်းရရှိရေးဆိုင်ရာသောကကို ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ ထို့ပြင် ပညာသင်ယူခွင့်အခွင့်အလမ်းနည်းပါးခြင်းနှင့် ပြစ်မှုမှတ်တမ်းများသည် အမေရိကန်စစ်ဘက်၏ တပ်သားသစ်စုဆောင်းရရှိမှုအလားအလာကို များစွာထိခိုက်ကျဆင်းလာစေလျက်ရှိသည်။ အမေရိကန်လူငယ်များအနေဖြင့် စစ်မှုထမ်းဆောင်ခွင့်အတွက် အနည်းဆုံးအဆင့်မြင့်ပညာသင်ယူပြီးဆုံးကြောင်း ဒီပလိုမာလက်မှတ်ရရှိထားရန်လိုအပ်သည်။ ၎င်းသတ်မှတ်ချက်သည် လူငယ်အများစုကို စစ်မှုထမ်းဆောင်ခွင့်ဆုံးရှုံးစေလျက်ရှိသည်။

ပညာရေးစာရင်းအင်းဆိုင်ရာ အမေရိကန်အမျိုးသားစင်တာက ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် ဘွဲ့ရရှိမှုနှုန်း ၈၃ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံခဲ့သော်လည်း ဘွဲ့ရစံနှုန်းနိမ့်ကျလာမှု၊ ပညာဆုံးခန်းတိုင်အောင် မသင်နိုင်သည့် ကျောင်းသားများနှင့် အခြားအစီအစဉ်တစ်ခုခုသို့ ကူးပြောင်းသွားသည့်ကျောင်းသားအရေအတွက်ကို ဖော်ပြထားခြင်းမရှိပေ။ ပညာသင်ယူခွင့်နိမ့်ကျလာခြင်းသည် တရုတ်နှင့်ရုရှားတို့ကဲ့သို့သော အဆင့်တူနိုင်ငံများနှင့်ဆန်းသစ်သောနည်းပညာနယ်ပယ်များတွင် ယှဉ်ပြိုင်ရာ၌ အမေရိကန်တို့၏ စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေးအပေါ် သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။

❖ အရည်အသွေးမပြည့်မီသော နိုင်ငံသားများ၏စီးပွားရေးလုပ်ငန်းများ၊ စစ်ဘက်အပေါ်ယုံကြည်မှုကျဆင်းလာမှုများ၊ အသားရောင်နှင့် လူမျိုးရေးခွဲခြားဆက်ဆံသည့်ယဉ်ကျေးမှုတို့သည် အမေရိကန်စစ်ဘက်၏ တပ်သားသစ်စုဆောင်းရရှိရေးဆိုင်ရာသောကကို ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ ထို့ပြင် ပညာသင်ယူခွင့်အခွင့်အလမ်းနည်းပါးခြင်းနှင့် ပြစ်မှုမှတ်တမ်းများသည် အမေရိကန်စစ်ဘက်၏ တပ်သားသစ်စုဆောင်းရရှိမှုအလားအလာကို များစွာထိခိုက်ကျဆင်းလာစေလျက်ရှိသည်။ ❖

အမေရိကန်သည် အခြားသော ကမ္ဘာ့ဦးဆောင်နိုင်ငံများနှင့်ယှဉ်ပြိုင်ရာတွင် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာဘာသာရပ်(STEM) ကျွမ်းကျင်မှုတွင် ကျရှုံးလျက်ရှိသည်ဟုဆိုသည်။ အမေရိကန်ကျောင်းသားများ၏ ပျမ်းမျှသင်္ချာရမှတ်သည် နိုင်ငံတကာကျောင်းသားများနှင့် နှိုင်းယှဉ်ရာတွင် အဆင့် ၁၅ သာရရှိပြီး တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ရုရှားကျောင်းသားများထက် ရမှတ်နည်းနေသည် ဟုဆိုသည်။

ထို့ပြင် မှုခင်းရာဇဝင်သည် အရွယ်ရောက်ပြီးလူငယ်များကို အမေရိကန်စစ်ဘက်သို့ ဝင်ရောက်အမှုထမ်းနိုင်ရေးအတွက် အတားအဆီးဖြစ်ပေါ်စေလျက် ရှိသည်။ လူငယ် ၁၀ ဦးလျှင် တစ်ဦးသည် မှုခင်းမှတ်တမ်းဟောင်းကြောင့် စစ်ဘက်သို့ဝင်ရောက်အမှုထမ်းဆောင်နိုင်ရေးအတွက် အတားအဆီးဖြစ်နေသည်။ ဆိုလိုသည်မှာ အမေရိကန်လူငယ် ၃ ဒသမ ၄ သန်းသည် အရည်အချင်းပြည့်မီသည့်တိုင်အောင် ငယ်ရွယ်စဉ်က ပြစ်မှုမှတ်တမ်းကြောင့် စစ်မှုထမ်းဆောင်ခွင့် အခွင့်အလမ်းဆုံးရှုံးရလျက်ရှိသည်။

ထို့ပြင် အမေရိကန်စစ်ဘက်အပေါ် ယုံကြည်မှုကျဆင်းလာခြင်းသည်လည်း တပ်သားသစ်စုဆောင်းရရှိရေးအပေါ် သက်ရောက်မှုဖြစ်ပေါ်လျက်ရှိသည်ဟုဆိုသည်။ အမေရိကန်နိုင်ငံသားများသည် အမေရိကန် စစ်ဘက်အပေါ် ယုံကြည်မှုကျဆင်းလာလျက်ရှိရာ လွန်ခဲ့သော ငါးနှစ်အတွင်း ယုံကြည်မှုဆက်တိုက်ကျဆင်းလာခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်စစ်ဘက်အပေါ် ယုံကြည်မှု ၇၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီး ၂၀၂၀ ခုနှစ်ထိ ၆၉ ရာခိုင်နှုန်းခန့်က ယုံကြည်မှုရှိခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အာဖဂန်နစ္စတန်မှ ဒရောသောပါး ဆုတ်ခွာခဲ့ရပြီးနောက်ပိုင်း အမေရိကန်စစ်ဘက်အပေါ် ယုံကြည်မှုသည် ရုတ်ခြည်းပြုတ်ကျသွားခဲ့သည်။ ရီပတ်ဘလစ်ကန်များသည် အမေရိကန်စစ်ဘက်ယုံကြည်မှုအများဆုံးရှိနေရာမှ သုံးနှစ်အတွင်း ၂၀ ရာခိုင်နှုန်းကျဆင်းလာခဲ့ရာ ၈၁ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။ ထို့ပြင် နိုင်ငံသားတစ်ဦးချင်းစီ၏ အမေရိကန်စစ်ဘက်အပေါ်ယုံကြည်မှုသည်လည်း ၆၈ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့ရာ ဒီမိုကရက်တစ်များထက်ပင် ယုံကြည်မှုကျဆင်းလာခဲ့သည်။

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် အမေရိကန်၏ ကာလရှည်ကြာဆင်နွှဲခဲ့ရသော စစ်ပွဲများ၊ ၂၀၂၁ ခုနှစ်တွင် အာဖဂန်နစ္စတန်မှ ဒရောသောပါး ဆုတ်ခွာခဲ့ရမှုများသည် အမေရိကန်ပြည်သူများနှင့် မူဝါဒရေးဆွဲသူအသိုက်အဝန်းများကြားတွင် အမေရိကန်စစ်ဘက်အပေါ် အဆိုးမြင်လာစေပြီး အမေရိကန်လူမှုအဖွဲ့အစည်း၏ စစ်ဘက်အပေါ်၊ သဘောထားအမြင်အပေါ် ထိခိုက်စေလျက်ရှိသည်။

ထို့ပြင် အသားရောင်နှင့် လူမျိုးရေးခွဲခြားသည့်ယဉ်ကျေးမှုသည်လည်း အမေရိကန်စစ်ဘက်၏ တပ်သားသစ်စုဆောင်းမှုအပေါ် သက်ရောက်စေလျက်ရှိသည်။ အသားရောင်နှင့်လူမျိုးရေးခွဲခြားသည့်ယဉ်ကျေးမှုသည် လူမှုရေးဆိုင်ရာအရေးကြီးသောအချက်အလက်များနှင့်ပြဿနာများ၊ အထူးသဖြင့် လူမျိုး၊ အမျိုးသား၊ အမျိုးသမီး လူမှုရေးဆိုင်ရာသာတူညီမျှရှိမှုတို့နှင့်စပ်လျဉ်း၍ သတိထားပြီး အာရုံစိုက်ဆောင်ရွက်သွားရန် လိုအပ်သည်။

ရီပတ်ဘလစ်ကန်ဥပဒေပြုအမတ်များက အမေရိကန်စစ်ဘက်၏ အသားရောင်နှင့်လူမျိုးရေးခွဲခြားသည့် ယဉ်ကျေးမှုကို လိင်တူဆက်ဆံလိုသော (LGBTQ) များအဖြစ် စွပ်စွဲပြောကြားခဲ့ပြီး အမေရိကန်စစ်ဘက်သည် မိန်းမပိုမိုဆန်လာကြောင်းလည်း စွပ်စွဲပြောဆိုခဲ့သည်။ ထို့ပြင် ရီပတ်ဘလစ်ကန်အောက်လွှတ်တော်အမတ်များကလည်း အသားရောင်နှင့် လူမျိုးရေးခွဲခြားမှုဆန့်ကျင်သည့် ဥပဒေပြင်ဆင်ရေးဆွဲရန် အဆိုပြုထားသည်။ ၎င်းဥပဒေသည် အမေရိကန်စစ်မှုထမ်းဟောင်းရေးရာဌာနကို ကိုယ်ဝန်ဖျက်ချခွင့်၊ လိင်ပြောင်းမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် LGBTQ အခွင့်အလမ်းတောင်းဆိုမှုများကို တားမြစ်သွားမည်ဖြစ်သည်။ အလားတူ စစ်ဘက်ခေါင်းဆောင်များ၏ နိုင်ငံရေးစရိုက်ဆန်လာခြင်းသည်လည်း စစ်ဘက်အပေါ် ယုံကြည်မှုကျဆင်းစေလျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ကောက်ချက်ချထားသည်။

မည်သို့ပင်ဆိုစေ ခံစားခွင့်အပြည့်အဝရရှိလျက်ရှိသည့် ကမ္ဘာ့အဆင့်မြင့်ဆုံး တပ်မတော်၌ပင်လျှင် အရည်အချင်းပြည့်မီသောတပ်သားသစ်များစဉ်ဆက်မပြတ် စုဆောင်းရရှိရေးအတွက် အခက်အခဲဖြစ်လာနေပြီဖြစ်သည်။ အထူးသဖြင့် အမေရိကန်တွင် မျိုးဆက်သစ်လူငယ်များသည် လွတ်လပ်မှုကို ပိုမိုခုံမင်လာသောကြောင့် စစ်ဘက်တွင် တာဝန်ထမ်းဆောင်လိုစိတ်မရှိသည့်အပြင် စစ်မှုထမ်းဆောင်ခွင့်ရှိသည့် သတ်မှတ်အရည်အချင်းနှင့်လည်း ကိုက်ညီမှုမရှိကြတော့ပေ။ ထို့ကြောင့် ပင်တဂွန်ခေါင်းဆောင်များအနေဖြင့် မဟာမိတ်များကို ကာကွယ်စောင့်ရှောက်ရေးထက် အမိမြေလုံခြုံရေးကို အပြည့်အဝကာကွယ်နိုင်မည့် လုံလောက်သောစစ်အင်အားဖြည့်တင်းရာတွင် အခြေခံအကျဆုံးဖြစ်သည့်တပ်သားသစ်များသတ်မှတ်အရေအတွက်ပြည့်မီအောင် စုဆောင်းရရှိနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားလာရပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**Source**

- **77 % of US youth unqualified for military service by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မြန်မာတို့၏ မှတ်သားရလွယ်သော ရှေးစာချိုးလေးများ

**ကိုကျော်စွာ(ကျိုက်ပိ)**

မြန်မာလူမျိုးတို့သည် စကားဝှက်များ၊ စာချိုးများ၊ စကားထာများ စသည်တို့ဖြင့် အကြောင်းအရာတစ်ခုခုကို မှတ်သားထားလေ့ရှိတတ်ကြသည်။ ဘုရားအရေအတွက်၊ အလေးချိန်၊ ခုနှစ်သက္ကရာဇ် စသည်တို့ကိုလည်း သိလွယ်အောင် စာချိုး၍ မှတ်သားလေ့ရှိခဲ့ကြသည်။ နောက်ဆုံး ဆေးနည်းများကိုပင် စာချိုးများဖြင့် ထားခဲ့ကြသည်။ ဥပမာ-“သွားကိုက်ပါက ငါးပိ လက်လေးသစ်နဲ့သိပ်”ဟူသော ဆေးနည်းမျိုးဖြစ်သည်။ “ငါး”ဆိုသည်မှာ “ငရုတ်ကောင်း၊ “ပိ”ဆိုသည်မှာ “ပိတ်ချင်းမြစ်၊ “လ”ဆိုသည်မှာ “လက်ချား”၊ “လေး” ဆိုသည်မှာ “လေးညှင်းပွင့်”၊ “သစ်”ဆိုသည်မှာ “သစ်ကြံပိုး” စသည်တို့ကို အမှုန့်ပြု၍ သိပ်ခိုင်းခြင်းဖြစ်သည်။ မှတ်သားရလွယ်ကူသကဲ့သို့ မှတ်သားမိပါက မမေ့တော့ပေ။

စာရေးသူတို့နိုင်ငံတွင် ထိုကဲ့သို့ စာချိုးများစွာရှိပါသည်။ မှတ်သားရလွယ်ကူသကဲ့သို့ အဓိပ္ပာယ်ကို ချက်ချင်းသိနိုင်သဖြင့် ရှေးယခင်မှ ယခုထိ ပြောဆိုနေကြဆဲဖြစ်ပါသည်။ ယနေ့မြန်မာလူမျိုးတိုင်းသိပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသည့် မန္တလေးမြို့ကို လူတိုင်းသိကြသည်။ သို့သော် မန္တလေးမြို့ကို မည်သည့်ခုနှစ်တွင် တည်ခဲ့သနည်းဟု အမေးရှိသော် ဖြေရန်ခက်ခဲကောင်း ခက်ခဲပေလိမ့်မည်။ “အုတ်ကျစ်ကျော်အေး မန္တလေး”ဟု မှတ်သားထားပါက မန္တလေးမြို့ကို ၁၂၂၁ ခုနှစ်က တည်ခဲ့ကြောင်း အလွယ်တကူသိနိုင်သည်။ နေ့နံအလိုက် စာချိုးမှတ်သားထားခဲ့ခြင်းဖြစ်သည်။ “အုတ်နှင့်အေး” တနင်္ဂနွေနံ “၁” ဖြစ်ပြီး “ကျစ်ကျော်”သည် တနင်္လာနံ “၂” ဖြစ်သည်။ ထို့ကြောင့် ၁၂၂၁ ခုနှစ်ဟုသိနိုင်ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာလူမျိုးတို့ ဘုန်းတန်ခိုးတောက်ခဲ့သော ကုန်းဘောင်ရွှေပြည်ကို တည်ခဲ့သည့်ခုနှစ်ကိုလည်း ရှေးမြန်မာတို့က “ဥသြအော်မြည် ကုန်းဘောင်တည်”ဟု စာချိုးထားခဲ့ကြသည်။ နေ့နံအရဆိုလျှင် ၁၁၁၅ ခုနှစ်ဖြစ်သည်။

ထို့ပြင် စာရေးသူတို့နိုင်ငံသည် အနုပညာလက်ရာများဖြင့် ထည်ဝါသောနိုင်ငံလည်းဖြစ်သည်။ အထူးသဖြင့် ပန်းဆယ်မျိုးအတတ်ပညာများစွာရှိသည်။ ထိုအတတ်ပညာများအနက် မြန်မာတို့၏ကြေးသွန်းအတတ်ပညာကို ဖော်ညွှန်းနေသည့် အရာတစ်ခုရှိပါသည်။ ၎င်းကား ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးဖြစ်သည်။ မင်းကွန်းခေါင်းလောင်းကြီးကို ၁၁၇၀ ပြည့်နှစ်က သွန်းလုပ်ခဲ့ပြီး ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းကြီးဖြစ်ကြောင်း သိရသည်။ ခေါင်းလောင်းကြီး၏ အလေးချိန်ကို မှတ်သားရလွယ်ကူစေရန် “မမင်းဖြူမှန်မှန်ပြော” ဟု စာချိုးမှတ်သားခဲ့သည်။ ထိုစာချိုးမှာ နေ့နံသင်္ချာနည်းဖြင့် ယူထားခြင်းဖြစ်ပါသည်။ စာချိုးမှ “မ” တစ်လုံးကိုချေ၍ “မင်းဖြူမှန်မှန်ပြော” ဟူသော အလေးချိန်ဖြစ်သည်။ ထို့ကြောင့် “မင်းဖြူမှန်မှန်ပြော” တွင် ကြာသပတေးနံ “၅” ဖြစ်သောကြောင့် ခေါင်းလောင်း၏အလေးချိန်မှာ “၅၅၅၅၅” ဖြစ်ကြောင်း သိနိုင်သည်။

မြန်မာနိုင်ငံတွင် ဘုရားစေတီအပေါဆုံးဒေသကို ပြပါဆိုလျှင် ပုဂံဒေသ၊ ရခိုင်ဒေသတို့ကို ပြရပေမည်။ ပုဂံဒေသသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သကဲ့သို့ ရခိုင်ဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သည်။ ပုဂံဒေသတွင် ထင်ရှားသော ဘုရားပုထိုးများစွာရှိသည်။ လက်ညှိုးထိုး၍မလွဲပေ။ ပုဂံပြည်သည် အနော်ရထာမင်းလက်ထက်မှစ၍ ဗုဒ္ဓဘာသာထွန်းလင်းလာခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့်လည်း ဘုရားပုထိုးပေါင်းများစွာတည်ရှိသည်။ ပုဂံရှိဘုရားပုထိုးပေါများကြောင်းကို ရှေးမြန်မာများက “လှည်းဝင်ရိုးသံတညံညံ၊ ပုဂံဘုရားပေါင်း”ဟု စာချိုး၍ အမှတ်အသားပြုခဲ့ကြသည်။ နေ့နံအလိုက်ရေတွက်ပါက “၄၄၄၆ ၇၃၃”ဟူ၍ ယူရပေမည်။

သို့သော်လည်း ပုဂံဘုရား အရေအတွက်နှင့် ပတ်သက်၍ စာချိုးအမျိုးမျိုးရှိနေသည်ကို တွေ့ရသည်။ တချို့က မိုင် ၂၀ ပတ်လည်ရှိသော ပုဂံဒေသတွင် ဤမျှများပြားသော ဘုရားတည်ရန်မဖြစ်နိုင်ဟု ဆိုကြသည်။ တချို့ကလည်း ယခင်က ထိုအရေအတွက် ရှိနိုင်ပြီး ဧရာဝတီမြစ်ရေတိုက်စားသဖြင့် ဘုရားများ ပါသွားသည်ဟု ယူဆကြသည်။ ထို့ကြောင့် “ရွှေလသာ ဝါဝါဝင်း ပုဂံဘုရားရေချိုးဆင်း”ဟူ၍ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပုဂံဘုရားပေါင်း “၄၄၆ ၄၄၄” ဆူပါသွားခဲ့ကြောင်း စာချိုး၍ မှတ်သားထားခဲ့ကြပြန်သည်။ အင်းဝမိုးညင်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၈၀၀ ခန့်က ပုဂံဒေသရှိ ဘုရားများကို စာရင်းကောက်ယူခဲ့သည်ဟု သိရသည်။ ထိုကောက်ယူခဲ့သောစာရင်းမှာ “ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း” ဟုဆိုသည်။ ထိုစာချိုးအရ ပုဂံဘုရားပေါင်း “၄၄၇၄” ဆူဖြစ်ကြောင်း သိရသည်။ အထက်ဖော်ပြပါ “လှည်းဝင်ရိုးသံ တညံညံ”စာချိုးတွင် တချို့က “လှည်းဝင်ရိုးသံ- ၄၄၇၆”ထိသာယူကြသည်။ ထိုသို့ယူလျှင် မိုးညင်းမင်းတရားကြီး ကောက်ယူခဲ့သော “ဝင်းဝင်းထိန်လျှံ-၄၄၇၄” ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။ ထို့နောက် ၁၉၆၀ ပြည့်နှစ်ကျော်ကျော်က ထပ်မံစာရင်းကောက်ယူခဲ့သည်ကို “ကျောင်းကြီးအုတ်နီ”ဟု အမှတ်အသားပြုခဲ့ရာ ပုဂံဘုရားစုစုပေါင်း “၂၂၁၇”ဆူသာ ရှိတော့ကြောင်း သိနိုင်သည်။

ပုဂံလျှင်လှုပ်ခတ်မှုနှင့် ဧရာဝတီမြစ်ရေတိုက်စားမှုတို့ကြောင့် ပုဂံဘုရားများ တဖြည်းဖြည်းနည်းပါးလာခြင်းဟု ယူဆရမည်ဖြစ်သည်။ ထို့ပြင် ပုဂံခေတ် ကောင်းစားစဉ်က အလွန်စည်ကားဟန်တူပါသည်။ ပုဂံခေတ်ကောင်းစားစဉ်က ပုဂံအိမ်ခြေပေါင်း “၉၉၉ ၉၉၉ ၉၉၉”ရှိကြောင်းကို သိစေရန် “ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း”ဟူ၍ မှတ်သားခဲ့သည်။ ဤမျှ အိမ်ခြေများပြားလှပြီး လူသူစည်ကားခဲ့သော ပုဂံပြည်ကြီးသည် သာသနာထွန်းကားခဲ့သကဲ့သို့ အုပ်ချုပ်ရေးတွင်လည်း ကောင်းမွန်ခဲ့သည်။ ထို့ကြောင့် ဓမ္မရေးရာ၊ လောကရေးရာ၊ ရာဇရေးရာ စသည့်ကိစ္စရပ်များကို ဆွေးနွေးရန် ရပ်ကွက်တိုင်းတွင် တီးခတ်အသိပေးရသော မောင်း “၃၃၃၃”ခုရှိကြောင်းကို “ညီးညီးညံညံ ပုဂံဆော်သည့်မောင်း”ဟု စာချိုးထားခဲ့ပါသည်။ ထိုစာချိုးများကို လေ့လာခြင်းအားဖြင့် ထိုခေတ်က ပုဂံပြည်၏ လူနေအိမ်နှင့်ရပ်ကွက် များပြားပုံကို ခန့်မှန်းသိနိုင်ပါသည်။

ရခိုင်ဒေသသည်လည်း ပုဂံဒေသကဲ့သို့ပင် ဘုရားပုထိုးပေါများလှသည်။ ရခိုင်ဒေသတွင် ရှေးဟောင်း ပုထိုးများရှိသည်။ သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးတော်ကြီး၊ ကိုးသောင်းပုထိုးတော်ကြီး အပါအဝင် အခြားထင်ရှားသောဘုရားပုထိုးပေါင်းများစွာ ရှိသည်။ ရခိုင်ဒေသသည် ယခင်က စီးပွားရေးအလွန်ကောင်းခဲ့သောဒေသဟု သိရသည်။ ယဉ်ကျေးမှုအဆင့်လည်း မြင့်မားလှသည်။ ကူးသန်းရောင်းဝယ်ရေး ထွန်းကားခဲ့သည်။ ထို့ပြင် ဘာသာယဉ်ကျေးမှုလည်း ထွန်းကားခဲ့ကြောင်း ထိုဒေသရှိ ဘုရားပုထိုးများက သက်သေခံလျက်ရှိသည်။ ထိုဒေသရှိ ဘုရားပုထိုးအရေအတွက်ကို “သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း”ဟု စာချိုးမှတ်သားခဲ့ကြသည်။ နေ့အလိုက်ယူပါက ဘုရားအဆူပေါင်း “၆၃၅၂ ၇၅၅”ဆူဖြစ်သည်။ ထိုအရေအတွက်အရဆိုလျှင် ပုဂံထက်တောင် ပိုများနေပါသည်။

သို့သော်လည်း ယခုအခါ သဘာဝဘေးအန္တရာယ်များကြောင့် ဘုရားပုထိုးအများအပြား ပျက်စီးခဲ့ရသည်။ ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ ဘုရားပုထိုးများကို ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်းက စာရင်းကောက်ယူခဲ့ရာ စုစုပေါင်းဘုရားပုထိုးအရေအတွက်မှာ ၃၅၇ ဆူရှိသည်။ ဤကား မြောက်ဦးဒေသတစ်ခုတည်းရှိ ဘုရားပုထိုးအရေအတွက်သာဖြစ်သည်။ ထို့ပြင် ပုဂံဒေသတွင် “လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း”၊ ရခိုင်ဒေသတွင်မူ “သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း” ဟုဆိုသကဲ့သို့ အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ် ရွှေဂူအနီးရှိ ဘုရားပေါင်းကို “တစ်တီတူး တွန်ကျူးကျော် ရွှေဂူကျွန်းတော်- ၇၇၇ ၇၂၂”ဟုလည်းကောင်း၊ ချင်းတွင်းဒေသ မုံရွာတစ်ဖက်ကမ်းရှိ ဖိုလ်ဝင်တောင်ရှိ ဘုရားပုထိုးအရေအတွက်ကို “ရွှေလသာ ဝါဝါဝင်း ဖိုလ်ဝင်ဘုရားပေါင်း- ၄၄၆ ၄၄၄”ဟုလည်းကောင်း စာချိုးမှတ်သားထားခဲ့ကြပါသည်။

ထို့ပြင် ရှေးယခင်ကစ၍ ယခုအချိန်ထိ ပြောဆိုနေကြသော စာချိုးတစ်ခုလည်းရှိပါသည်။ ၎င်းစာချိုးက “အသက်ရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ခို” ဟူ၍ဖြစ်သည်။ ထိုစာချိုးသည် ဘာသာရေးနှင့် ဆက်နွှယ်နေပါသည်။ အသက်ရှည်ရှည်နေလိုပါက မန္တလေးတောင်အရိပ်ကို ခိုခိုင်းခြင်းမဟုတ်ပါ။ ထိုစာချိုးတွင် “မန်းတောင်ရိပ်ခို”ဟူသောစကားကိုသာ ယူရပါမည်။ နေ့အရ “မန်း”သည် ကြာသပတေးနံ “၅”ဖြစ်သည်။ “၅”သည် “ငါးပါးသီလ”ကို ဆိုလိုခြင်းဖြစ်ပါသည်။ “တောင်”ဟူသည် စနေနံ “၇” ဖြစ်သည်။ “၇”သည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟူသော သူတော်ကောင်းတရား ခုနစ်ပါးကို ဆိုလိုခြင်းဖြစ်သည်။ “ရိပ်”ဟူသည် ဗုဒ္ဓဟူးနံ “၄” ဖြစ်သည်။ “၄”သည် ဗြဟ္မစိုရ်တရား လေးပါးကို ဆိုလိုပါသည်။ “ခို”ဟူသည် တနင်္လာနံ “၂” ဖြစ်သည်။ “၂” သည် လောကပါလတရားဟုဆိုအပ်သော ဟိရီ၊ ဩတ္တပ္ပတရားကို ဆိုလိုပါသည်။ ထိုတရားများနှင့်ပြည့်စုံပါက အသက်ရှည်စေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

နိဂုံးချုပ်ဆိုရလျှင် စာရေးသူတို့ မြန်မာလူမျိုးများတွင် ချစ်စရာဓလေ့၊ ချစ်စရာအပြုအမူလေးများရှိကြသည်။ ဆေးပညာနှင့်ပတ်သက်၍ နှောင်းလူတို့ မှတ်သားရလွယ်ကူစေရန် စာချိုးများ၊ လင်္ကာများ ရေးစပ်၍ထားခဲ့ကြသည်။ နောက်ဆုံးအင်္ဂတေဖျော်စပ်နည်းကိုပင် လင်္ကာစာချိုးများဖြင့် ထားခဲ့ကြသည်။ ထိုစာချိုးများသည် ပေထက်၊ ကျောက်ထက်တွင် တသီးတခြား ရေးသားထားခဲ့ခြင်းမျိုးမဟုတ်ပေ။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် မှတ်သားထားခဲ့ရာမှ ယနေ့ခေတ် စာအုပ်စာပေများ၌ မှတ်တမ်းတင်လာခဲ့ကြခြင်းဖြစ်မည်ဟု စာရေးသူယူဆမိပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာလူမျိုးတို့၏ မှတ်သားရလွယ်ကူစေသော စာချိုးများသည် ထိုခေတ်ထိုအခါက စာရေးသူတို့နိုင်ငံ၏ အခြေအနေကို မှန်းဆသိမြင်နိုင်ပါသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် မြန်မာတို့၏မှတ်သားရလွယ်သော ရှေးစာချိုးလေးများကို လက်လှမ်းမီသလောက် လေ့လာတင်ပြလိုက်ပါသည်။

❖ မြန်မာနိုင်ငံတွင် ဘုရားစေတီအပေါဆုံးဒေသကို ပြပါဆိုလျှင် ပုဂံဒေသ၊ ရခိုင်ဒေသတို့ကို ပြရပေမည်။ ပုဂံဒေသသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သကဲ့သို့ ရခိုင်ဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည်။ ပုဂံဒေသတွင် ထင်ရှားသော ဘုရားပုထိုးများစွာရှိသည်။ လက်ညှိုးထိုး၍မလွဲပေ။ ပုဂံပြည်သည် အနော်ရထာမင်း လက်ထက်မှစ၍ ဗုဒ္ဓဘာသာထွန်းလင်းလာခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့်လည်း ဘုရားပုထိုးပေါင်းများစွာတည်ရှိသည်။ ပုဂံရှိ ဘုရားပုထိုးပေါများကြောင်းကို ရှေးမြန်မာများက “လှည်းဝင်ရိုးသံတညံညံ၊ ပုဂံဘုရားပေါင်း”စာချိုး၍ အမှတ်အသားပြုခဲ့ကြသည်။❖

**ကိုးကား**

- **ပုဂံဘုရားများ၏ အရေအတွက် မှန်လင်္ကာ (ဦးလှသိန်းထွန်း-ဓမ္မာစရိယဘီအေ)**
- **မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ (စိန်မျိုးမြင့်)**

# ရေဖြူမြို့နယ် မင်းဒပ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေဖြူ စက်တင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ မင်းဒပ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)လုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မင်းဒပ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်းဖြင့် ဝက်မွေးမြူရေးအခြေအနေများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများ၊ ပြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်က ကျေးလက်စီးပွားရေးမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ရေဖြူမြို့နယ် မင်းဒပ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ နှင့် အသင်းဝင်များက ထည့်ဝင်ငွေကျပ် ၇၂၅ သိန်း စုစုပေါင်းငွေကျပ် ၁၀၂၅ သိန်းကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တက်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုလှိုင်**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဘီလူးရန်ဘေးမှလွတ်မြောက်လာသော မင်းသားသုံးပါး

ဟိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးဟာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တော်မူသတဲ့ကွယ်။ အဲဒီဘုရင်ကြီးမှာ သားတော်နှစ်ပါးလဲ ရှိသတဲ့ကွယ်။ သားတော်နှစ်ပါးရဲ့ မိခင်ဖြစ်တဲ့ မိဖုရားကြီးကတော့ ကံတော်ကုန်သွားပြီတဲ့ကွယ်။ ဒါကြောင့် ဘုရင်ကြီးလဲ နောက်ထပ်မိဖုရားငယ်တစ်ပါးကို တင်မြှောက်လိုက်ပါတယ်။


မိဖုရားငယ်က ငယ်ရွယ်ပြီးချောမောလှပတော့ ဘုရင်ကြီးခမျာ အင်မတန်မှချစ်မြတ်နိုးတော်မူတာကြောင့် ဆုတစ်ခုတောင်းဆိုဖို့လဲ အခွင့်အရေးပေးလိုက်သတဲ့ကွယ်။ မိဖုရားငယ်ဟာ ဘုရင်ကြီးဆီကဆုတော်ကို အခုချိန်မှာ မတောင်းယူလိုသေးကြောင်း၊ နောင်အခါ လိုအပ်မှသာယူလိုကြောင်း ဘုရင်ကြီးကို လျှောက်ထားလိုက်ပါတယ်။

ဒီလိုနဲ့ နှစ်အနည်းငယ်ကြာလာတဲ့အချိန်မှာ မိဖုရားငယ်ဟာ သားတော်လေးတစ်ပါးဖွားမြင်လာပါတယ်။ မိဖုရားကြီးကမွေးတဲ့ သားတော်နှစ်ပါးကလဲ မိဖုရားငယ်ကမွေးတဲ့ သူတို့ရဲ့ညီတော်လေးကို အလွန်ချစ်သတဲ့ကွယ်။

ဒါပေမဲ့လဲ မိဖုရားငယ်ကတော့ မိဖုရားကြီးကမွေးတဲ့သားတော်နှစ်ပါးကို မချစ်ဘူး။ ဘုရင်ကြီးရဲ့အရိုက်အရာကိုလဲ သူ့ရဲ့သားငယ်မင်းသားလေးကိုသာ ရစေချင်နေတယ်။ တစ်နေ့မှာတော့ ဘုရင်ကြီးအနားမှာခစားပြီး သူ့သားတော်ကို မင်းအဖြစ်တင်မြှောက်ဖို့ တောင်းဆိုပါတော့တယ်။ ဘုရင်ကြီးခမျာလဲ ပေးထားတဲ့ကတိစကား မပယ်ရှားနိုင်တော့ ခေါင်းညိတ်လိုက်ရတာပေါ့။ သားတော်နှစ်ပါးကိုလဲ မိဖုရားငယ်က တစ်ချိန်ချိန် အငြိုးအတေးနဲ့ရန်ပြုမှာကို စိုးရိမ်တာကြောင့် နန်းတော်နဲ့ဝေးတဲ့အရပ်ကို ခေတ္တခဏသွားနေဖို့ ပြောသတဲ့ကွယ်။

သားတော်နှစ်ပါးကလဲ ဖခင်ဘုရင်ကြီးရဲ့စကားကို နားထောင်ပြီး နန်းတော်နဲ့ဝေးရာအရပ်ကိုထွက်သွားကြဖို့ ဆုံးဖြတ်လိုက်ကြတာပေါ့။ အစ်ကိုနှစ်ယောက်အထုပ်ကိုယ်စီနဲ့ ခရီးထွက်မှာကိုသိသွားတဲ့ မင်းသားငယ်လေးက အစ်ကိုနှစ်ယောက်နဲ့အတူ လိုက်လိုကြောင်း ပူဆာတာပေါ့ကွယ်။ နောက်ဆုံးတော့ အစ်ကိုနှစ်ယောက်က လိုက်ခွင့်ပြုလိုက်ရတာပေါ့ကွယ်။

ဒီလိုနဲ့ တောထဲရောက်လာကြတယ်။ ကြာမျိုးစုံနဲ့ တင့်တယ်လှပနေတဲ့ရေကန်ကြီးနားကို မင်းသားသုံးပါး ရောက်လာကြတာပေါ့။ နေ့လယ်မွန်းတည့်ချိန် ဗိုက်ဆာလာတော့ ညီငယ်မင်းသားလေးကို ကန်ပေါင်ကသစ်ပင်ရိပ်အောက်မှာ ခဏအနားယူခိုင်းပြီး သူတို့ညီနောင်နှစ်ယောက်က စားစရာတွေသွားရှာကြသတဲ့



ကွယ်။ ညီငယ်မင်းသားလေးကိုလဲ ဘယ်မှမသွားဖို့ မှာထားခဲ့သတဲ့ကွယ်။

ဒါပေမဲ့ မင်းသားငယ်လေးက ရေကန်ကြီးထဲ ဆင်းဆော့ဖို့ စိတ်ကူးသတဲ့။ မင်းသားငယ်လေး ရေကန်ထဲကိုလဲဆင်းရော ရေကန်စောင့်ဘီလူးကြီးက ဖမ်းထားလိုက်တာပေါ့။ ဘီလူးကြီးက မေးခွန်းတစ်ခုလဲ မေးလိုက်သတဲ့ကွယ်။

“အသင်မင်းသား ဒေဝဓမ္မကိုသိသလား”လို့ မေးလိုက်ပါတယ်။ ဘီလူးကြီးကိုမြင်ပြီး ကြောက်နေတဲ့မင်းသားလေးက မေးခွန်းကို မဖြေနိုင်ခဲ့ဘူးပေါ့ကွယ်။ ဒီတော့ ဘီလူးကြီးလဲ မင်းသားလေးကို စားသောက်ဖို့ ဖမ်းသွားပါတော့တယ်။

မင်းသားငယ်လေးကိုစိတ်မချလို့ အစ်ကိုအလတ်ဖြစ်တဲ့မင်းသားဟာ သူ့ညီငယ်လေးရှိတဲ့နေရာကို ပြန်လာခဲ့သတဲ့။ ကန်ပေါင်ပေါ်ရောက်တော့ ညီငယ်လေးကိုမတွေ့လို့ လိုက်ရှာရင်း ကန်ထဲဆင်းမိပြီး ဘီလူးဖမ်းတာကို ခံရပါတော့တယ်။ ဘီလူးကြီးရဲ့ ဒေဝဓမ္မဆိုတာဘာလဲလို့မေးတာကို မဖြေနိုင်တော့ အစ်ကိုတော်အလတ်ဖြစ်တဲ့မင်းသားလေးပါ ဖမ်းခံရပြန်ပါတယ်။

ဒီလိုနဲ့ အစ်ကိုအကြီးဆုံးလဲ ကန်ပေါင်ကိုရောက်လာသတဲ့ကွယ်။ သူ့ရဲ့ညီတော်တွေကိုမတွေ့တော့ အကြောင်းတစ်ခုခုတော့ဖြစ်လိမ့်မယ်လို့ တွေးလိုက်တယ်။ ကန်ပေါင်ဘေးက သူ့ညီတော်တွေ ရေထဲဆင်းထားတဲ့ခြေရာတွေကိုကြည့်ပြီး မင်းသားကြီးက ရေကန်မှာ စောင့်တဲ့ဘီလူးရှိနေတယ်ဆိုတာ သိသွားသတဲ့ကွယ်။ ဒါကြောင့် ရေထဲကိုမဆင်းဘဲ ရပ်နေလိုက်တော့ ဘီလူးကြီးက စိတ်မရှည်တော့ဘူးတဲ့ကွယ်။ မင်းသားငယ်နှစ်ပါးက ရေထဲဆင်းပြီး ဒီမင်းသားကျမှဘာလို့မဆင်းရတာလဲဆိုပြီး စူးစမ်းချင်လာသတဲ့။ ဒီတော့ ဘီလူးကြီးက ခရီးသွားယောင်ဖန်ဆင်းပြီး မင်းသားနားကို ရောက်လာသတဲ့။ ပြီးတော့ ဒီလောက်လှပတဲ့ကန်ထဲကို ဘာကြောင့်မဆင်းရတာလဲ။ ကြာရိုးကြာစွယ်တွေခူးပါရော့လားဆိုပြီး တိုက်တွန်းသတဲ့ကွယ်။

မင်းသားကလဲ ဘီလူးဖြစ်မှန်းရိပ်မိတာကြောင့် သူ့ညီတော်နှစ်ပါးကို ဘာဖြစ်လို့ဖမ်းထားရတာလဲလို့ မေးလိုက်သတဲ့ကွယ်။ ညီတော်တွေကိုလွှတ်စေချင်ရင် သူမေးတဲ့မေးခွန်းကိုဖြေရမယ်လို့ ဘီလူးကြီးကပြောလိုက်သတဲ့။ မင်းသားလဲ ဘီလူးကြီးရဲ့မေးခွန်းကို ချက်ချင်းဖြေကြားလိုက်သတဲ့။ မေးခွန်းကိုဖြေကြားလိုက်ပေမဲ့ ညီတော်နှစ်ယောက်ထဲက တစ်ယောက်သာရမဲ့အကြောင်း ဘီလူးကြီးကပြောသတဲ့ကွယ်။ ဒီတော့ မင်းသားလဲ ညီအငယ်ဆုံးကလေးကိုပြန်ပေးဖို့ တောင်းဆိုလိုက်သတဲ့။ ဒီတော့ ဘီလူးကြီးက အံ့ဩသွားပြီး ညီအလတ်ကိုမတောင်းဘဲ ဘာကြောင့် အငယ်ဆုံးသောညီကိုတောင်းရတာလဲလို့လဲ မေးလိုက်သတဲ့။

ဒီတော့ မင်းသားကြီးက ညီငယ်မင်းသားလေးသာ ဘီလူးအစားခံရပြီး မင်းကြီးအရာမထားနိုင်ရင် တိုင်းပြည်ဒုက္ခရောက်နိုင်တဲ့အတွက် ညီငယ်ကိုရွေးချယ်ရခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သတဲ့ကွယ်။

ဒီတော့မှ ဘီလူးကြီးလဲ နားလည်သွားပြီး ညီအလတ်ကိုပါ လွှတ်ပေးလိုက်သတဲ့။ မင်းသားသုံးပါး နေပြည်တော်ပြန်ရောက်တော့ ဘုရင်ကြီးကော မိဖုရားငယ်ပါ ကံတော်ကုန်သွားပြီဖြစ်သတဲ့ကွယ်။ ဒီတော့ ဖခင်ဘုရင်ကြီးရဲ့အရိုက်အရာကို အစ်ကိုအကြီးဆုံးက ယူ၊ အိမ်ရှေ့မင်းသားနေရာကို အစ်ကိုလတ်က ဆက်ခံပြီး ညီအငယ်ဆုံးကိုတော့ စစ်သူကြီးရာထူးကို မှူးမတ်ကြီးတွေက ခန့်အပ်ချီးမြှင့်လိုက်သတဲ့ကွယ်။

ကလေးတို့ရေ ဒီပုံပြင်ကလေးမှာ ညီအငယ်တွေရဲ့အပေါ်မှာ အစ်ကိုကြီးပီသစွာ တာဝန်ကျေတဲ့မင်းသားကို အတုယူပြီး ကလေးတို့လဲ တာဝန်ကျေတဲ့သူတွေ ဖြစ်ကြပါစေကွယ်။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

## ကျေးဇူးဂုဏ်ငါးပါး

♦ ဘုရားတရားမြတ်သံဃာ
မိဘဆရာပါ၊
အနန္တငါးဖြာ ဦးထိပ်မိုး
ညတိုင်းကွယ်ရှိခိုး။

♦ ဉာဏ်ရည်တိုးလို့ ကိုယ်ခန္ဓာ
သွက်လက်ပြီးကျန်းမာ၊
ကျက်မှတ်ပါလေ စာပေများ
မှတ်မိလွယ်ကူသား။
ကျေးဇူးဂုဏ်ငါးပါး။ ။

**ချစ်သက်(မြန်မာစာ)**



## လရိပ်ရှာပုံတော်

♦ လရိပ်ပျောက်တဲ့ သည်ညမှာ
ပိုးစုန်းကြူးလေးရှာ
လကွယ်ညခါ မှောင်မိုက်ထဲ
လဝန်းပုန်းနေမြဲ။

♦ ညကမ္ဘာထဲ အလင်းငုံ
ကွက်ကျားကြယ်မစုံ
သူ့အလင်းငုံ စွမ်းကုန်လှွင့်
လဝန်းရှာပုံဖွင့်။

♦ မပွင့်တပွင့် ရောင်စဉ်သွယ်
ကြယ်များမှိတ်တုတ်ရယ်
ပိုးစုန်းကြူးငယ် ဟိုသည်ဝဲ
လရိပ်ရှာနေဆဲ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**










## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၆/၂၈) လေးကျွန်းမြေမြောက်၊ ဦးပိုင်အမှတ်၊ ၈၃/၂၅၀၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဆက်စပ်သည့်စာရွက်စာတမ်းနှင့်တကွ ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်မြိုင်(၅/စကန(နိုင်)၀၂၃၃၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးချိုခိုင်(၅/စကန(နိုင်)၀၂၂၂၅၇)က (၁၉-၃-၂၀၀၉) ရက်စွဲပါ ကတိစာချုပ်ဖြင့် ငွေပေးချေဝယ်ယူခဲ့ပြီး မြေကွက်အား လက်ရောက်ရယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အား တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ တစ်စုံတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမြင့်ဦး(LL.B)**

**အထက်တန်းရှေ့နေ(စဉ်/၁၇၂၀၃)**

**လေးကျွန်းမြေရပ်၊ စိန်ကုန်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ ဖုန်း- 09-441033749**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါက်တာဒေါ်စင်ကြည်ပြာ**

**ပါမောက္ခချုပ်(ငြိမ်း)**

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

**အသက်(၆၃)နှစ်**

"မမျှော်လင့်ဘဲ ရုတ်တရက်ထွက်ခွာသွားသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါတယ်။ ဆရာမကြီး မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိနိုင်ပါစေလို့ တပည့်များက ဆုတောင်းပါတယ်။"

**၁၉၉၃ ခုနှစ်၊ ယဉ်ကျေးမှုအနုပညာတက္ကသိုလ်**

**First Batch (ရန်ကုန်)**

**ဂီတ၊သဘင်၊ပန်းချီ၊ပန်းပု ကျောင်းသား/ကျောင်းသူများ**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊ ၈၂×၈၃ကြားနေ ဦးကံရှား (ခ) ပုရိန္နားဗဟာဒူး (၅/ကလထ(နိုင်)၁၀၇၁၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-576166) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၆၃၃၄၉၁၈၀**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဝန်ထမ်းအလိုရှိသည်

**ဂိုဒေါင်အကြီးတန်းစာရေး ကျား (၁)ဦး အလိုရှိသည်**

၁။ အသက် ၃၀ မှ ၄၅ အတွင်း။
၂။ မန္တလေးစက်မှုဇုန် (၁)(၂)တွင်နေထိုင်သူ ဦးစားပေးမည်။
၃။ ကုန်ပစ္စည်းစာရင်းများ ပြုစုမှတ်သားတင်ပြနိုင်ရမည်။
၄။ အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းမည်။

**ဆက်သွယ်ရန်/**

Green Farm Development Co.,Ltd

85 လမ်း၊ 31×32 ကြား၊

ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

09-788088006 (ရုံးချိန်အတွင်း)

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဒွားထိုးကြီးမြို့နယ်၊ ဇီရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-12 မှ မအေးမြတ်ခိုင် ၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်နှင်းရွှေ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းရွှေ(၉/နထက(နိုင်)၁၂၉၂၀၇)**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်အမှတ်(၆၉)၊ 65 Aလမ်း၊111 A × 112 ကြားနေ ပြုံးမြတ်အိ (ဘ) ဦးခင်မောင်ဝင်း (၁၃/တကန(နိုင်)၂၉၁၇၄၉) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-162019) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၇၈၉၇၆၄၇**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ (ဘ)ဦးဇော်ဝင်း ၏သား မောင်ဇင်ဈော်မောင်မောင်ဟိန်း ၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မောင်ဇင်ယော်မောင်မောင်ဟိန်း ဖြစ်ပါကြောင်း။

**မောင်ဇင်ယော်မောင်မောင်ဟိန်း(၉/မလန(နိုင်)၁၈၆၂၅၄)**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဒွားထိုးကြီးမြို့နယ်၊ ဇီရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-12 မှ မမိုးသက်လှိုင်၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်-ဒေါ်မူမူ ဖြစ်ပါကြောင်း။

**ဦးမြင့်(၉/နထက(နိုင်)၀၅၇၆၉၀)**

**ဒေါ်မူမူ(၉/နထက(နိုင်)၀၉၂၂၈၂)**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဒွားထိုးကြီးမြို့နယ်၊ ဇီရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-12 မှ မယမင်းသူဇာ ၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ချောရင် ဖြစ်ပါကြောင်း။

**ဒေါ်ချောရင်(၉/နထက(နိုင်)၁၂၉၁၆၁)**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဒွားထိုးကြီးမြို့နယ်၊ ဇီရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-12 မှ မဒါဒါနွယ် ၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ချောတင် ဖြစ်ပါကြောင်း။

**ဒေါ်ချောတင်(၉/နထက(နိုင်)၁၀၁၅၉၃)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ စ(၂/၃၈)နေ ဦးမင်းမင်းထွန်း (၉/ပဥလ(နိုင်)၀၃၉၈၃၄)-ဒေါ်ငုဝါစိုးပြည့်ခိုင်(၉/ဇယသ(နိုင်)၀၀၇၁၇၆) တို့၏သား မောင်အောင်ဘုန်းမြတ် အား မောင်အောင်မင်းခန့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်မင်းခန့်**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၇လမ်း၊ ၈၃×၈၄ကြားနေ ဒေါ်ဝေဝေ (ဘ) ဦးအုန်းဘိ (၁၃/ကမန(နိုင်)၀၀၅၁၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-666817) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၁၂၇၉၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုးဖြစ်ရန်လို...

❖ သို့မှသာ မိမိကိုယ်မိမိအကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

အလေးမအားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအလေးမပြိုင်ပွဲ နောက်ဆုံးနေ့ပြိုင်ပွဲပွဲစဉ်များအဖြစ် အမျိုးသား ၉၆ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၁၀၂ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၁၀၉ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၇၆ ကီလိုတန်းပြိုင်ပွဲ၊အမျိုးသမီး ၈၁ ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး ၈၇ ကီလိုတန်းနှင့်အထက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး ၇၆ ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစား သမားများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊အမျိုးသမီး ၈၁ ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစားသမားများနှင့် အမျိုးသမီး ၅၉ ကီလိုတန်းပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မ သတ်မှတ်စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို

စာမျက်နှာ ၁၉ ကော်လံ ၃ ☆

**ရန်ကုန်မြို့ ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ပါဝင်သည့် လူကူးခုံးတံတား လေးစင်းကို ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်သွားမည်**

စာမျက်နှာ - ၂၇

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများဆေးမှူးများနှင့်သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၁



ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ဆွာ - ရေနီ / ဥသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု